
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပါ၀င်သည့်အခန်းများ

၁။ ခင်ဗျားကိုယ်မှာ သွေးတွေနဲ့

၂။ သရဲမျက်လုံးပြန်ရခြင်း

၃။ တမလွန်မှ ကလဲ့စား

၄။ ကားကြုံစီးသော တစ္ဆေမ

၅။ ဆေးရုံမှာ အခြောက်ခံရခြင်း

၆။ အချိန်မတော်ခေါ်တဲ့ ဖုန်း

၇။ နဖူးတွေ့ဒူးတွေ့

၈။ ရေအောက်က အလောင်း

၉။ ဘ၀ခြင်းခြားတဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

## (၁) ခင်ဗျားကိုယ်မှာ သွေးတွေနဲ့

စည်သူသည် ကစားဖေါ်သူငယ်ချင်းတစ်စုနှင့် လမ်းထိပ် က ကုက္ကိုလ်ပင်ရိပ်တွင် ကစားနေသည်။ သူတို့ ဂျင်ပေါက်နေသော ကစားဝိုင်းအနီးတွင် ဆိုက္ကားဂိတ်တစ်ခုလည်း ရှိလေသည်။ ဆိုက္ကား ဂိတ်တွင် ဆိုက္ကားသုံးလေးစီးရပ်ထားကာ ဆိုက္ကားဆရာများသည် ခရီး သည်ကို စောင့်မျှော်နေကြသည်။

"ဒီနေ့မှ ခရီးသည်ကလည်း ပါးလိုက်တာကွာ"

ကိုညိုဟုခေါ်သော အသက် ၃၀ ခန့်ရှိ အသားညိုညိုနှင့် ဆိုက္ကားသမားကြီးက ငြီးလိုက်၏။

"မနက်ကတည်းက ခရီးသည်တစ်ယောက်ပဲ ရသေးတယ်၊ ဒီနေ့တော့ အုံနာခတောင် ကျေပါ့မလားမသိဘူး"

"ဘာတွေလောဘကြီးနေတာလဲ ကိုညိုရယ်၊ အခုမှ ၁၁ နာရီရှိပါသေးတယ်"

အဖေါ်ဆိုက္ကားသမားတစ်ယောက်က ပြောလိုက်သည်။ ကိုညိုက . . .



www.burmeseclassic.com

www.burmeseclassic.com

"၁၁ နာရီထိုးပြီလား၊ ဒီအတိုင်းထိုင်နေရတာနဲ့ မထူးပါဘူး အိမ်ပြန် ထမင်းစားလိုက်ဦးမယ်၊ မနက်ကတည်းက ရေနွေးကြမ်းလေးတစ်ခွက်သောက်ပြီး ထွက်လာတာ၊ ဗိုက်ဆာနေတယ်"

"ဒါကတော့ ခင်ဗျားကပ်စေးနည်းတာကိုး၊ တစ်ခုခုတော့ မနက်ပိုင်း အဆာပြေဝယ်စားမှပေါ့"

"မင်းတို့လို လူပျိုလူလွတ်မဟုတ်ဘူး မောင်သောင်းရ၊ ငါ့ မှာ ကလေးသုံးယောက်နဲ့"

တကယ်တော့ ကိုညိုတို့အိမ်က ဆိုက်ကားဂိတ်နှင့်မဝေး။ ခဲတစ်ပစ်သာသာ သာရှိသည်။ ဆိုက်ကားဂိတ်ဘေးတွင်ရှိသော ရထား သံလမ်းကို ကျော်လိုက်လျှင် ရောက်ပြီ။ ထိုရထားလမ်းဘေး ကျုံး ကျော်ရပ်ကွက်ကလေးထဲတွင် ကိုညိုနေခြင်း ဖြစ်သည်။ ရထားလမ်း ကလေးမှာ ဘေးတစ်ဘက်တစ်ချက်မှ ကုက္ကိုလ်ပင်များ အုပ်မိုးထား သဖြင့် အနည်းငယ် မှောင်ကုတ်ကုတ်ပင် ဖြစ်နေသည်။

ဘေးနားတွင် ဂျင်ပေါက်ကစားနေသော စည်သူက ကိုညို တို့လူသိုက် ပြောဆိုနေသံကို ကစားရင်း ကြားနေသည်။ ကိုညိုတို့ လူသိုက်နဲ့လည်း သူသည် သိကျွမ်းနေသူဖြစ်သည်။ စည်သူက သံလမ်းဘက် လျှောက်သွားသော ကိုညိုကို



www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်လိုက်သော အခါ၊ ကိုညိုတစ်ကိုယ်လုံးတွင် သွေးချင်းချင်းနီနေသည်ကို တွေ့လိုက် ရသည်။

"ဗျို့ . . . ဦးလေးညို"

ဟု လှမ်းခေါ်လိုက်သည်။ ကိုညိုက ရထားလမ်းဆီ လျှောက်သွားရာမှ ပြန်လှည့်ကြည့်ရင်း . . .

"ဘာလဲကွ . . . ကောင်လေး"

"ဩော် . . . သတိထားသွားလို့ ပြောမလို့၊ ခင်ဗျားကိုယ်ပေါ်မှာ သွေးတွေ မြင်နေလို့"

"ကောင်လေးကွာ . . . နောက်စရာမရှိ"

ကိုညိုက ဒီလောက်သာပြောရင်း ရထားလမ်းဘက် ပြန်လျှောက်သွား၏။ တဘက်မှ ရထားက ခတ်မောင်းလာနေ၏။ အားလုံး ကပင် ကိုညိုသတိထားမိလိမ့်မည် ထင်၏။ သို့သော် ကိုညိုက ရထား ကြီးတစ်စီးလုံးလာနေသည်ကို မသိသလို၊ မကြားသလို ပုံစံဖြင့် ရထားလမ်းပေါ် လှမ်းတက်လိုက်သောအခါ . . .

ကိုညိုသည် ထမင်းစားရန် ဆိုက္ကားဂိတ်မှ အိမ်အပြန် ရထားတိုက်ခံလိုက်ရသည်။ သို့သော် ကိစ္စက ဤမျှနှင့်မပြီး။ ကိုညို၏ မိတ်ဆွေ ဆိုက္ကားဆရာတွေကရော၊ စည်သူ့သူငယ်ချင်းကစားဖော် တွေကပါ၊ ကိုညိုမသေခင် စည်သူက နမိတ်မရှိ၊



www.burmeseclassic.com

နမာမရှိ အ,မင်္ဂလာ စကားပြောလိုက်တာကို ပတ်ဝန်းကျင်ကို ပြန်ပြောကြသည်။

သူတို့မြို့ကလေးကတော့ မြို့ကလေးဖြစ်သည်။ အသိဉာဏ် ဗဟုသုတလည်း မကြွယ်ဝကြ။ ဒီတော့ စည်သူကို ဂြိုလ်ကောင်လေး တစ်ကောင်လို သဘောထားကြသည်။ ကိုညို၏ကျန်ရစ်သူဇနီးက လည်း ကိုညိုအသုဘရက်လည်ပြီးသည်နှင့် အိမ်ရှေ့တွင်လာကာ ဆဲတော့ဆူတော့သည်။ ဒီတော့ ရှက်လှပါချည်ရဲ့ဆိုကာ၊ စည်သူ၏ မိထွေးဒေါ်ကြိုင်က စည်သူကို ရိုက်နှက်တော့သည်။

"မင်းကလည်းကွာ၊ သူတို့ဖာသာဖြစ်တာ တို့သားလေးနဲ့ ဘာဆိုင်လို့လဲ၊ ကလေးကို ရန်မလုပ်ပါနဲ့"

သူ့အဖေ ဦးတင်ထွန်းတားသော်လည်း မရ။ ဒေါ်ကြိုင်က ရိုက်ရုံနှင့် အားမရ။ ထိုနေ့တစ်နေ့လုံး ဒဏ်ခတ်သည့်အနေဖြင့် ထမင်းမကျွေးဘဲ ထားလေသည်။

"ကိုတင်ထွန်း . . . ရှင်တို့အကြောင်းတွေ ကျွန်မ,မသိဘူး ထင်လို့လား၊ ဒါမျိုးက ဘမျိုးဘိုးတူလေ၊ ရှင်တို့ ကျွန်မနဲ့ မရခင် ရွာမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်မအားလုံးသိတယ်လို့ မှတ်ထားစမ်းပါ"

ဟု ခြိမ်းခြောက်လိုက်သေးသည်။ ထိုတစ်နေ့လုံး . . .

www.burmeseclassic.com

"နင့်ကို ထမင်းမကျွေးရုံတင်မကဘူး၊ ကစားလည်း မကစားခိုင်းဘူး၊ ပါးစပ်က တောင်ပြောမြောက်ပြောနဲ့ အဓိပ္ပာယ်မရှိတာတွေ လျောက်ပြောနေတတ်တဲ့ အကျင့်ကိုမပြင်ရင် နင်သေပြီသာမှတ်"

တကယ်တော့ သူ့အဖေက မိထွေးကို ကြောက်ရသည်။ သူ့လို ကလေးတစ်ယောက်အဖေ မုဆိုးဖိုကို ယူထားတာကိုပင် ကျေးဇူးတင်၍မဆုံး ဖြစ်နေလေရာ၊ သူ့နောက်မိန်းမစကားကို လွန် ဆန်နိုင်သည်ဟူ၍မရှိ။

စည်သူသည် တစ်နေ့လုံးပင် အိမ်ပေါ်က အိမ်အောက် မဆင်းရဘဲ ရှိသည်။ ညနေရောက်သောအခါ၊ ဒေါ်ကြိုင်က ရပ်ကွက် မြောက်ပိုင်းကို အကြွေးတောင်းထွက်ရန် ပြင်သည်။ စည်သူက ဒေါ်ကြိုင်ကို ကြည့်လိုက်တော့ ဒေါ်ကြိုင်ခန္ဓာကိုယ်ပေါ်တွင် ပတ် ခွေနေသော မြွေဟောက်ကြီးတစ်ကောင်ကို တွေ့ရလေသည်။ စည်သူ က . . .

"ဒေါ်လေးကြွေးတောင်းတာ သားသွားတောင်းလိုက်မယ်"

ဟုပြောသော်လည်း မရ။ ဒေါ်ကြိုင်က . . .

"နင်အပြင်ထွက်ချင်လို့ မဟုတ်လား၊ နင့်ဉာဏ်ကလေးနဲ့ ငါ့ကို လာမလှည့်စားနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး ဒေါ်လေးရဲ့၊ အပြင်မှာ မှောင်နေလို့ ပြောတာ၊ မနက်ကျမှဖြစ်ဖြစ် သွားတောင်းပါလား"

"သားပြောတာ ဟုတ်သားပဲကွာ"

ဟု သူ့အဖေက ဝင်ပြောသော်လည်း ဒေါ်ကြိုင်က . . .

"ကြွေးရှင်ဆိုတာ ကြွေးပေးမယ့်သူ ချိန်းတဲ့အချိန်သွားရတယ်၊ မသွားရင် ကိုယ့်အပြစ်၊ ဘာမှဆုံးမ,မရတဲ့ သားအဖ"

ဟုပြောရင်း အိမ်ထဲက ထွက်ခွာသွားလေသည်။

စည်သူက အိမ်အပြင်ကို လှမ်းကြည့်လိုက်၏။ သရဲမနှစ်ကောင်နှင့် သရဲထီးတစ်ကောင် ခြံဝတွင် ရပ်နေသည်ကို တွေ့ရသည်။ ဒေါ်ကြိုင်ထွက်လာသောအခါ၊ ဒေါ်ကြိုင်သွားရာသို့ သူ့နောက်က တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါသွားကြလေသည်။

* * * *

နောက်တစ်နာရီခန့်ကြာသောအခါ ရပ်ကွက်ထဲက လူတစ်ချို့ သူတို့အိမ်သို့ အပြေးအလွှားရောက်လာ၏။

"ဗျို့ . . . ကိုတင်ထွန်း၊ ကိုတင်ထွန်း၊ ခင်ဗျားမိန်းမ မြွေကိုက်ခံရလို့ဗျ"

ဟု သတင်းပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒုက္ခပါပဲ၊ ဘယ်လိုနေသေးလဲ"

"ဆေးရုံပို့လိုက်ပါပြီ၊ လမ်းဆုံကုက္ကိုလ်ပင်အို သစ်ခေါင်းထဲက မြွေဟောက်က ထွက်ကိုက်တာ"

"သားရေ . . . ခဏနေခဲ့၊ ဘယ်မှမသွားနဲ့နော်၊ အဖေ ဆေးရုံလိုက်သွားဦးမယ်"

ဟုမှာကာ သူ့အဖေထွက်သွားသည်။ သူ့အဖေ ဆေးရုံရောက်သောအခါ အသက်မမှီတော့။ သူ့မိထွေးသည် ဆေးရုံသို့ သယ်ဆောင်လာသည့်လမ်းတွင်ပင် ဆုံးပါးခဲ့သည်ဟု ဆိုလေသည်။

သူ့မိထွေး ရက်လည်ပြီးသောအခါ သူ့အဖေက . . .

"ငါ့သား မင်းကို ငါဆက်လက်ခံထားလို့ မဖြစ်တော့ဘူး၊ ဒီမြို့က လူတွေက မင်းကို အန္တရာယ်ပြုလာမှာလည်း စးရတယ်၊ ဒါကြောင့် ငါ့သားက မင်းအဘိုးအဘွားတွေရှိတဲ့ ရန်ကုန်မှာပဲ သွား နေတော့"

ဟုပြောကာ ရန်ကုန်ခေါ်ဆောင်လာခဲ့သည်။ ဒီတုန်းက စည်သူ စတုတ္ထတန်းတက်နေကာ၊ အသက် ၉ နှစ်ပဲ ရှိသေးသည်။ သူ့အဖေဘက်က အဘိုးနဲ့အဘွားသည် ရန်ကုန်တွင် အသင့်အတင့် ချောင်လည်စွာ နေနိုင်ကြသည်။ သူတို့တွင် တစ်ခြားသားမြေးမရှိ သဖြင့် ဝမ်းမြောက်ဝမ်းသာပင်



www.burmeseclassic.com

စည်သူကို လက်ခံခဲ့ကြသည်။ သူ့ အဖေကတော့ တောမြို့ကလေးသို့ ပြန်သွားသည်။ သူ့အလုပ်က ထိုမြို့ကလေးမှ ဝန်ထမ်းဖြစ်သည်။ သူ့အဖေ နောက်အိမ်ထောင် ထပ်မပြုတော့။ အထီးကျန်သော ဘဝကို အရက်နှင့်သာ အဖော်ပြု နေထိုင်နေလေရာ၊ အရွယ်မတိုင်မီ ကွယ်လွန်၍ သွားလေသည်။ သူ့အဖေကွယ်လွန်တော့ သူသည် ဒသမတန်းတွင် ပညာတက် ရောက်သင်ကြားနေခဲ့သည်။

သူ့အဘိုးဦးကျော်သိုက်နှင့် သူ့အဘွားဒေါ်မငယ်တို့ထံ ရောက်ပြီးမကြာမီ၊ သူ့အဘိုးက သူတို့ကိုးကွယ်သော ဆရာတော်ကို ပင့်ဆောင်ကာ ပြသခဲ့သည်။ ထိုဆရာတော်ကား သီလသိက္ခာမြင့် မားသော ပညာတတ်ဆရာတော်ဖြစ်သည်။ ဆရာတော်က . . .

"ဒီလောကီအလုပ်တွေက တို့ဘုန်းကြီးအလုပ်တွေတော့ မဟုတ်ဘူး၊ ဒါပေမယ့် သတ္တဝါကိုတော့ ကယ်ကောင်းတယ်လို့ ဘုရား က ဟောပါတယ်၊ သတ္တဝါတစ်ဦး အတိဒုက္ခရောက်နေတာ ကယ် နိုင်စွမ်းရှိရဲ့သားနဲ့ လှစ်လျူရှုနေပြန်ရင်လည်း ဘုရားရှင်ရဲ့အလိုကျ လို့ မခေါ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က ပရိတ်ကြိုးများဖြင့် ချည်နှောင်ထားသော ကြေးပြားလက်ဖွဲ့အဆောင်လေးတစ်ခု ပေးသည်။

"ဒါကလေးကို မင်းလည်ပင်းမှာ မပြုတ်ဆွဲထားပေတော့၊ မင်းကို ဘယ်သူကမှ ဒုက္ခမပေးနိုင်တော့ဘူး၊ မင်းရဲ့အစွဲတွေလည်း လုံးဝပျောက်ကင်းသွားလိမ့်မယ်"

ဟု မိန့်ကြားခဲ့သည်။ ဆရာတော်မိန့်ကြားသည့်အတိုင်းပင် ထိုပရိတ်ကြိုးလည်ဆွဲကို စတင်ဆွဲထားသည့်နေ့ကစ၍၊ အဆိုးနမိတ် များကို ကြိုတင်သိမြင်ခြင်း၊ သရဲတစ္ဆေများကို တစ်ခြားသူများက မမြင်ရသော်လည်း သူက မြင်တွေ့နေရခြင်း စသော ဖြစ်ရပ်များမှာ လုံးဝပျောက်ကွယ်၍ သွားလေတော့သည်။

ပထမတော့ ဤကဲ့သို့ဖြစ်ရခြင်းကို သူ့မကျေမနပ်ဖြစ်မိသည်။ ငယ်ရွယ်သူပီပီ၊ တစ်ခြားသူတွေမှာမရှိသည့် စွမ်းအင်တစ်မျိုး သူ့မှာရှိနေသည့်အဖြစ်ကို ယခင်က ကြွဖန်ဂုဏ်ယူခဲ့သည်။ ပြီးတော့ သူသည် တစ္ဆေသရဲများကို မြင်တွေ့ရပါများသဖြင့် အမြင်ရိုးကာ ကြောက်မက်ဖွယ်ဟု မယူဆတော့ချေ။ ဒါကြောင့် ဤကဲ့သို့သော အစွမ်းသတများ ပျောက်ကွယ်သွားသောအခါ၊ အားမလိုအားမရ ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် နှစ်အနည်းငယ်ကြာမြင့်သောအခါ ဤကိစ္စကို သူလုံးဝမေ့ပျောက်သွားလေသည်။ ခေတ်လူငယ်ပီပီ သူငယ်ချင်း အပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါးပင် နေထိုင်ခဲ့သည်။ သူ့ အဘိုးနှင့် အဘွားကလည်း သူဤကဲ့သို့ ဖြစ်နေသည်ကိုပင် ကျေနပ် နှစ်သိမ့်နေသည်။

"ငါက မင်းကို မင်းအဘိုးနဲ့ မင်းအမေတို့နဲ့ မတူစေချင်ဘူး၊ သာမန်လူရိုးရိုးတစ်ယောက်အနေနဲ့ပဲ ရှင်သန်ကြီးပြင်းစေချင်တယ်"

ဟုပြောသည်။ သူ့အမေသည် သူငယ်စဉ်ကပင် ကွယ်လွန်ခဲ့သည်ဟု တစ်ဆင့်စကားကြားဖူးသည်။ ဒါကြောင့် သူ့အဘိုးဖြစ်သူ အား သူ့အမေနှင့် သူ့အမေ၏အဖေ သူ့အဘိုးအကြောင်း ပြောပြ ပါရန် တောင်းပန်သော်လည်း . . .

"မင်းက ငယ်သေးတယ်၊ ပြီးတော့ ဒီအဖြစ်အပျက်တွေက နားထောင်လို့ကောင်းတဲ့ အဖြစ်အပျက်တွေလည်း မဟုတ်ဘူး၊ ဒါပေမယ့် မင်းသိသင့်သိထိုက်တဲ့ ကိစ္စတွေဖြစ်လို့ မင်းအရွယ်ရောက် လာတဲ့အခါ ငါပြောပြမယ်"

ဟု အဘိုးက ကတိပေးသည်။ စည်သူက . . .

"အရွယ်ရောက်တယ်ဆိုတာ ဘယ်အရွယ်လဲ အဘိုး"

www.burmeseclassic.com

www.burmeseclassic.com

ဟုမေးတော့ . . .

"မင်းဘွဲ့ရတဲ့အချိန်ကို ပြောတာ"

ဟု တိတိကျကျ ပြန်ပြောပြခဲ့လေသည်။

* * * *

## (၂) သရဲမျက်လုံးပြန်ရခြင်း

သူ တက္ကသိုလ်နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးသည့်အခါ သူသည် သူငယ်ချင်းတစ်သိုက်နှင့် ချောင်းသာပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်ခဲ့လေသည်။ ထိုခရီးတွင် သူအမှတ်ရဖွယ်နှစ်ခု ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတစ်သိုက်နှင့် ရေကူးရင်း၊ သူ့လည်ဆွဲပရိတ်ကြိုးလက်ဖွဲ့ ကျပျောက်ခဲ့ခြင်း ဖြစ်သည်။ နောက်တစ်ခုမှာ သူတို့လိုပင် ချောင်းသာသို့ ရောက်ရနေသည့် မြဝတ်ရည်နှင့်တွေ့ဆုံကာ လူငယ်တို့သဘာဝ ချစ်သူတွေဖြစ်ခဲ့ကြခြင်း ဖြစ်သည်။ မြဝတ်ရည် က နာမည်ရစပြုနေသော သီချင်းရေးဆရာမလေး ဖြစ်သည်။ သူသည် ကော်ပီသီချင်းရေးသူ မဟုတ်။ ယဉ်ကျေးမှုတက္ကသိုလ်မှ ဂီတ ဖြင့် ဘွဲ့ရခဲ့သည့် စန္ဒယားဆရာမလေးဖြစ်ကာ၊ ကိုယ်ပိုင်သံစဉ်သီချင်း များကို ရေးဖွဲ့တတ်သူဖြစ်သည်။ သူ့သီချင်းများမှ စကားလုံးတွေက နူးလှသလောက် အနက်အဓိပ္ပာယ်က လေးနက်လှသည်။ မြန်မာ စတီရီယိုဂီတလောကတွင် အမျိုးသမီးသီချင်းရေးသူ ရှားပါးလွန်းသဖြင့် မြဝတ်ရည်မှာ ပိုမိုအောင်မြင်နေလေသည်။

မြဝတ်ရည်နှင့်တွေ့ဆုံကာ ချစ်သူတွေဘဝရောက်ခဲ့ရခြင်းက သူ့လက်ဖွဲ့ပျောက်ဆုံးသွားသည့်ကိစ္စကို ဖုံးလွှမ်းသွားလေသည်။ သူသည် တစ္ဆေသရဲများကို မမြင်ခဲ့ရသည်မှာလည်း ကြာပြီ။ ဆိုးဝါး သော ကြိုတင်နိမိတ်များကိုလည်း မမြင်ရသည်မှာ ကြာပြီဖြစ်သဖြင့် မေ့လျော့၍ပင် နေလေပြီ။ သို့သော် . . .



www.burmeseclassic.com

ဤကိစ္စမှာ မေ့မေ့ပျောက်ပျောက်နေ၍မရသော ကိစ္စဖြစ်လာသည်။ သူ ရှေ့နေအဖြစ် စတင်ဆောင်ရွက်ရသော တစ်ရက်တွင် . . .

သူ ဘတ်စ်ကားစီးကာ အလုပ်မှ အိမ်ပြန်လာခဲ့သည်။ အချိန်က ညနေနေဝင်ရီတရော ကာလဖြစ်သည်။ မှတ်တိုင်တစ်ခုတွင် ကားပေါ်သို့ ကိုယ်ဝန်အရင့်အမာနှင့် အသက် ၃၀ ကျော်အရွယ် မိန်းမတစ်ယောက် တက်လာ၏။ ကားပေါ်တွင် ထိုင်စရာခုံလွတ် မရှိ။ ထကြောင့် သူက သွက်သွက်လက်လက်ပင် ထိုင်ရာမှထ,ကာ ပေးလိုက်သည်။ ကိုယ်ဝန်ဆောင်မိန်းမက ဝင်ထိုင်လိုက်သည်။ သူ က သူပြုမူလိုက်ရသော ကူညီမှုအတွက် ပီတိဖြစ်နေ၏။

ထိုစဉ် ကားပေါ်က လူတွေက သူ့ကို တအံ့တဩဝိုင်းကြည့်နေကြတာ သတိထားမိသည်။ ဒီလူ ဘာကြောင်တာလဲ။ ခုံမှာထိုင် နေရာမှ ထ,ကာ မတ်တပ်ရပ်နေသည်။ ဘာတွေဖြစ်နေတာလဲ။ ထိုစဉ် အနီးတွင် ရပ်နေသူတစ်ဦးက . . .

"ခင်ဗျား မထိုင်တော့ဘူးလား၊ ခင်ဗျားမထိုင်ရင် ကျွန်တော်ထိုင်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောကာ ဝင်ထိုင်လိုက်သည်။ စောစောက သူ့ခုံတွင်ထိုင်နေသော မှတ်တိုင်က တက်လာသည့် ကိုယ်ဝန်ဆောင်မိန်းမကို မမြင်တော့။ ဘယ်ရောက်သွားပြီလဲ။ ကားက ထိုမှတ်တိုင်က ထွက် လာကတည်းက ဘယ်မှတ်တိုင်မှာမှ မရပ်သေး။ မရပ်သော ကား ပေါ်မှ ဗိုက်ကြီးသည်မိန်းမတစ်ယောက်က ခုန်ဆင်းသွားသည်မှာ မဖြစ်နိုင်။ နောက်ဆုံး စည်သူသဘောပေါက်၍ သွားသည်။ တစ်ခြား သူတွေ မမြင်ရသော ဒီမိန်းမကို သူပဲ မြင်ရသည်။ ဒီမိန်းမကား သာမနလူမိန်းမ,မဟုတ်။ နာနာဘာဝ တစ္ဆေသရဲ မကောင်းဆိုးဝါး သာ ဖြစ်ပေမည်။ သူ ကြက်သီးဖြန်းဖြန်းထသွား၏။ ဒီအတိုင်းဆို သူသရဲမျက်လုံးပြန်ရနေတာ သေချာပြီ။

သူ ပြန်သတိရလာ၏။ ဒီလမ်းမှာ သူအမြဲကားစီးနေကျ လမ်းဖြစ်သည်။ ပြီးခဲ့တဲ့အပတ်က ဤ (ဗိုက်ကြီးသည်သရဲမ တက် လာသော) ကားမှတ်တိုင်တွင ကားတိုက်မှုတစ်ခုဖြစ်ခဲ့သည်။ ကိုယ် ဝန်သည်တစ်ဦးကိုယ်တိုင်မောင်းလာသော ကိုယ်ပိုင်ဆလွန်းကား လေးနှင့် ခရီးသည်တင်ကားကြီးတစ်စီးတို့ ခေါင်းခြင်းဆိုင်တိုက်မိ ကာ၊ ကိုယ်ပိုင်ကားမောင်းလာသူ ကိုယ်ဝန်ဆောင်အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com

နေရာ တွင်ပင် ကွယ်လွန်သွားခြင်း ဖြစ်လေသည်။ ထိုအမျိုးသမီးကား၊ ထို အမှုအခင်းဖြစ်ပွားရာနေရာတွင်ပင် မကျွတ်မလွတ်ဘဲ ရှိနေဟန်တူ ပါသည်။

သူ ကားဂိတ်မှနေ၍ အိမ်သို့လျှောက်ကာ ပြန်လာခဲ့ရာ လမ်းတလျှောက်လုံးတွင် တစ္ဆေသရဲများစွာကို မြင်တွေ့နေရသည်။ သစ်ပင်သစ်ကိုင်းတွေမှာ၊ တစ်ချို့မှာ ဓါတ်တိုင်ပေါ်မှာ၊ တစ်ချို့က အိမ်ခေါင်မိုးတွေပေါ်မှာ၊ များလိုက်တာ။

လူကောင်းတွေမျက်လုံးဖြင့် မမြင်နိုင်သောကြောင့်သာ ဖြစ်သည်။ ဝိညာဉ်တွေ၊ မကောင်းဆိုးဝါး တစ္ဆေသရဲ၊ နာနာဘာဝဆိုတာ တွေက လမ်းပေါ်မှာ မမြင်ချင်အဆုံးရှိနေပါသည်။ သူနှစ်ပေါင်း များစွာ ပျောက်ကွယ်နေသော စွမ်းအင်တစ်ခုကို ယခုပြန်ရပြီဆိုတော့ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား ဝေခွဲမရဖြစ်နေသည်။

သူ့အဘိုးက အိမ်ထဲဝင်လာသည့် သူ့ကို မြင်သည်နှင့် . .

"မင်းဘာတွေဖြစ်လာတာလဲ စည်သူ"

ဟု အကင်းပါးစွာ လှမ်းမေးသည်။

"ကျွန်တော် . . . ကျွန်တော် . . . "



www.burmeseclassic.com

သူက သူ့စကားကို ဆက်မပြောနိုင်ဘဲ ရပ်တန့်သွား၏။ သူ့မျက်လုံးတွေက လွန်ခဲ့သော သုံးနှစ်က ကွယ်လွန်သွားသော သူ့ အဖွားကို အခန်းထဲတွင် တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ သူ့ အဖွားသည် သူအသက်ရှင်စဉ်က ထိုင်နေကျဖြစ်သော ပက်လက် ကုလားထိုင်တွင် ထိုင်၍နေသည်။ ဤကုလားထိုင်ကို သူ့အဖွားကွယ်လွန်သွားသော်လည်း သူ့အဘိုးက ဧည့်ခန်းထဲမှ ဖယ်မပစ်ဘဲ ထား သည်။ ဘယ်သူ့ကိုမှလည်း ထုင်ခွင့်မပြု။

"ဟိုမှာ အဖွားထိုင်နေတယ်"

သူက ကုလားထိုင်ကို လက်ညှိုးထိုးကာ ပြောလိုက်၏။ သူ့အဘိုးက လှည့်ကြည့်ကာ . . .

"ဘာမှမရှိပါဘူး စည်သူ၊ မင်းအရင်ကလို ပြန်ဖြစ်နေပြန်ပြီလား၊ တစ်ခြားသူတွေ မမြင်ရတဲ့ ဝိညာဉ်လောကသားတွေကို မင်း မြင်နေရတဲ့ပုံလေ"

သူက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် ဘာလုပ်ရမလဲ အဘိုး"

"မင်းကို လက်ဖွဲ့လက်ဆောင်ပေးခဲ့တဲ့ ဆရာတော်လည်း မရှိတော့ဘူး၊ ပျံလွန်တော်မူသွားပြီ၊ ဒီတစ်ခါတော့ မင်းဘာသာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဒီကိစ္စကို ရင်ဆိုင်ရတော့မယ်ထင်တယ်၊ သူတို့ကို မြင်ရတော့ မင်း ကြောက်လား”

စည်သူက ခေါင်းခါလိုက်သည်။ တကယ်လည်း သူကြောက်ရွံ့ခြင်း မရှိပါ။

“ကျွန်တော် ငယ်ငယ်ကတည်းက မြင်လာရတာ ရိုးနေပြီ၊ အခုမြင်ရတော့လည်း ကြောက်တာလန့်တာ မဖြစ်ဘူး”

“ထိုင်ဦး”

သူ့အဘိုးက သူ့ရှေ့က ထိုင်ခုံမှာ အေးအေးလူလူ ထိုင်ခိုင်းကာ . . .

“မင်းကို ငါပြောပြရမယ့်ဇာတ်လမ်းကို အခုပြောပြဖို့ အချိန်တန်ပြီ ထင်ပါတယ်၊ မင်းသိပ်သိချင်နေတဲ့ မင်းအမေအကြောင်းပေါ့”

သူက အဘိုးစကားကို အာရုံဝင်စားစွာ နားစွင့်နေမိလေသည်။

* * * *

သူ့အဖေကိုတင်ထွန်းသည် သစ်တောဌာနတွင် အရာရှိလေး ဖြစ်သည်။ သူတာဝန်ကျရာ သစ်တောကြိုးဝိုင်းနှင့်နီးသည့်



www.burmeseclassic.com

www.burmeseclassic.com

ရွာကလေးတစ်ရွာတွင် နေထိုင်သည့် မလွန်းတင်ဆသော အမျိုးသမီးကလေးနှင့် တွေ့ဆုံချစ်ကြိုက်ကာ လက်ထပ်ယူခဲ့လေသည်။ အချိန်တန်သောအခါ သားကလေးတစ်ယောက် ဖွားမြင်သည်။ ယင်း မှာ စည်သူပင် ဖြစ်လေသည်။

သူ့အမေလွန်းတင်သည် အဖေမုဆိုးဖိုကြီးနှင့် အတူနေသည်။ ရုပ်ရည်ချောမောလှပသဖြင့် တောတွင် ပိုးပန်းချင်သူများ၏။ သို့သော် လွန်းတင်က မြို့သားပညာတတ်တစ်ဦးဖြစ်သော စည်သူ့အဖေကိုတင်ထွန်းကို ရွေးချယ်ခဲ့လေသည်။ ဤအတွက် ရွာတွင် မကျေမနပ်အဖြစ်ဆုံးသူတစ်ဦး ရှိသည်။ ရွာသူကြီးသား မြဒင်ဖြစ်သည်။ မြဒင်သည် ကာလသားခေါင်းလူမိုက်ဖြစ်ကာ၊ အဖေအရှိန်အဝါဖြင့် သူတို့ရွာတွင် ဩဇာကြီးသူဖြစ်သည်။ သို့သော် အစိုးရဝန်ထမ်းတစ်ဦးဖြစ်သော ကိုတင်ထွန်းကိုတော့ မထိပါးရဲချေ။

လွန်းတင်က တစ်ရွာတည်းသားပင်ဖြစ်သော်လည်း အရက်သောက်၊ ကြက်တိုက်လုပ်ကာ ဆင်းရဲသူမိန်းကလေးတွေမြင်လျှင် ခြေတော်တင်ချင်သော မြဒင်ကို ကြည့်မရ။ တင်ထွန်းကို အန္တရာယ် ပေးရန် မလွယ်သောအခါ မြဒင်က လွန်းတင်ကို ဒုက္ခပေးရန စောင့် စားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လွန်းတင်တွင် အခြားသူများအမြင်၌ အဆိုးဟုအပြစ်ပြော စရာ ကိစ္စတစ်ခုရှိ၏။ ယင်းမှာ ရွာအခေါ် လွန်းတင်သည် ဝမ်းတွင်း စုန်းတစ်ကောင်ဖြစ်နေသောကြောင့် ဖြစ်လေသည်။ ဝမ်းတွင်းစုန်း ဆိုသူမှာ ပညာသယ်တစ်ယောက်ယောက်က ဗူး (ပညာ) သွင်းပေး ထားသဖြင့် သူ့အလိုအလျောက် လောကီပညာ (စုန်းကဝေပညာ) ကို တတ်မြောက်နေသော သူများကို ခေါ်ခြင်းဖြစ်သည်။ လွန်းတင် က ထူးထူးခြားခြားတော့ စွမ်းဆောင်နိုင်သည်မဟုတ်။ သို့သော် သူ့ ပါးစပ်မှ ထွက်သမျှစကားများသည် ရှေ့ပြေးနိမိတ်များသဖွယ် တိတိ ကျကျ မှန်ကန်နေတတ်လေရာ အားလုံးကပင် လွန်းတင်ကို ပညာ သည်တစ်ဦးအဖြစ် သိမှတ်ကြောက်လန့်နေကြ၏။

လွန်းတင်က ဒီလူ ပိုးထိမယ်ဆို တကယ်ပိုးထိ၏။ ဒီလူ ထန်းပင်ပေါ်က လိမ့်ကျသေလိမ့်မယ်။ ဒီကလေး ရေနစ်သေလိမ့် မယ် စသဖြင့် သူပြောသမျှမှာ ချွင်းချက်မရှိ မှန်နေတတ်သည်။ ကိုတင်ထွန်းက ဒါတွေ မပြောနဲ့ဆိုတော့လည်း တားမရ။

"ကျွန်မလည်း မပြောချင်ဘူး ကိုတင်ထွန်း၊ ကျွန်မက ဘာမှ ကြိုသိတာလည်း မဟုတ်ဘူး၊ ဒီစကားတွေက ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com

သတိမထား မိခင် ကျွန်မနှုတ်က သူ့အလိုလို ကြိုထွက်သွားတတ်တာ”

“မင်း ရန်မျိုးမှာစိုးလို့ ပြောတာ လွန်းတင်”

လွန်းတင်ကို လူအတော်များများက စုန်းအတတ်တတ်သည် ဟု ခပ်ရှောင်ရှောင်နေကြသည်။ အပေါင်းအသင်း မလုပ်ကြ။ တကယ် တော့ လွန်းတင်၏အမေ ဒေါ်အိုစာကိုလည်း ရွာက စုန်းမဟု စွပ်စွဲ ခဲ့ကြသည်။ လွန်းတင် ၅ နှစ်သမီးအရွယ်တွင် ဒေါ်အိုစာက သူတို့ သားအဖနှစ်ယောက်ကိုပစ်ကာ ရွာအနီးက တောထဲသို့ ဝင်ရောက် သွား၏။ ထိုစဉ်ကတည်းက ဒေါ်အိုစာကို ပြန်မတွေ့ရတော့။ သေသည် ရှင်သည်ဟုလည်း မသိရတော့။ ရွာမှ လူတွေက သူ့အမေဆီက ပညာတွေကို လွန်းတင်ရလိုက်သည် သို့မဟုတ် သူ့အမေက လွန်းတင် ကို ဗူးသွင်းခဲ့သည် သို့မဟုတ် လွန်းတင်သည် မွေးရာပါ ‘ဝမ်းတွင်း စုန်း’ ဟု စွပ်စွဲကြတော့သည်။

လွန်းတင်က ခေါင်းမာသည်။ သူ့ကို လူတွေက မုန်းတော့ သူကလည်း လူတွေကို မုန်းလာသည်။ သူနှင့် သူ့ခင်ပွန်းတင်ထွန်း တို့သည် ရွာအပြင်တောစပ်ကလေးတွင် တဲထိုးနေကြသည်။ လူတွေ နှင့် သိပ်အဆက်အဆံမရှိ။ တစ်ရက်တွင် ရွာထဲက ကုန်စုံဆိုင်ကို ဈေးသွားဝယ်သော



www.burmeseclassic.com

www.burmeseclassic.com

လွန်းတင်သည် ဆိုင်ရှင်မိန်းမကြီးနှင့် စကားများ တော့သည်။ ထိုဆိုင်ရှင်မိန်းမကြီးမှာ ရွာမှ သူကြီးဦးရာကျော်၏ ညီမ ဖြစ်သည်။ သူက သူ့ဆိုင်မှပစ္စည်းခိုးသည်ဟု လွန်းတင်ကို စွပ်စွဲ၏။ သူကြီးက ဖမ်းကာ အချုပ်ထဲထည့်ထားသည်။ လွန်းတင်က . . .

ရေနစ်သေမယ့်လူကြီးဟု ကျိန်ဆဲလိုက်သည်။ တင်ထွန်း ရောက်လာကာ သူကြီးကိုတောင်းပန်၍ မိန်းမကို အိမ်ပြန်ခေါ်လာ ရသည်။ သူကြီးသည် နောက်တစ်ရက်တွင် တစ်ခြားရွာတစ်ရွာသို့ လှေဖြင့် ခရီးထွက်ရာ လှေမှောက်၍ သေဆုံးရလေသည်။ သူကြီးကို အသုဘချသောနေ့တွင် ထိုအိမ်သို့ သူကြီးသားမြဒင်ခေါင်းဆောင် သော လူတစ်စုက လာဝိုင်း၏။ ထိုစဉ်က အိမ်တွင် တင်ထွန်းမရှိ။ သစတောထဲသို့ အလုပ်ကိစ္စနှင့် ရောက်နေသည်။ လွန်းတင်က အိမ်မှာရှိနေသော သားကလေးစည်သူကို ရွာထဲရှိ သူ့အဘိုးအိမ်သို့ ထွက် ပြေးခိုင်းလိုက်သည်။ သူ့တွင် ဆိုးဝါးလှသော ကံကြမ္မာတစ်ခုကျ ရောက်လာတော့မည်ကို ကြိုတင်သိရှိနေ၏။ မြဒင်က . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်မဟာ စုန်းမပဲ၊ ဒီကောင်မ ကျိန်စာတုက်လို့ ငါ့ အဖေသေရတာ၊ ဒီမကောင်းဆိုးဝါးကို ဒီရွာမှာ အရှင်ထားလို့ မဖြစ် ဘူး"

သူ့လူတွေနှင့် ဝိုင်းဖမ်းသည်။ သစ်ခြောက်ပင်တစ်ပင်မှာ ကြိုးနဲ့တုတ်သည် နောက် . . . ဘယ်သူ့ကိုမှ မပြောနိုင်အောင်ဟု ဆိုကာ လွန်းတင်၏နှုတ်ခမ်းနှစ်ခုကို အထက်အောက်တွဲ၍ အပ်နဲ့ ချုပ်လိုက်ကြသည်။ ထိနှုတ်ခမ်းမှ ဒဏ်ရာတွေက သွေးတွေစီးကျနေ သလို၊ လွန်းတင်မျက်လုံးအိမ်ကလည်း မျက်ရည်တွေ တသွင်သွင် စီးကျနေသည်။ သူတို့က လွန်းတင်၏ခြေရင်းတွင် သစ်ကိုင်ခြောက် တွေစုပုံကာ၊ ရေနံဆီလောင်း၍ မီးရှို့ကြသည်။ အရှင်လတ်လတ် မီးလောင်ကျွမ်းကာ သေဆုံးသွားသော လွန်းတင်ကို အားရပါးရ လှောင်ပြောင်ရယ်မောကာ ကြည့်နေကြသည်။

ရွာထဲက လူတစ်ယောက်က တောထဲက စခန်းမှာရှိနေသော တင်ထွန်းကို ပြေးကာ သတင်းပေးသည်။ သို့သော် တင်ထွန်းလာတော့ နောက်ကျနေလေပြီ။ လွန်းတင်အသက်မမှီတော့။ သစ်ပင်တွင် မီးလောင်ကျွမ်းကာ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသည့် ဇနီး ဖြစ်သူကိုသာ တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တင်ထွန်းက ရဲကိုလူသတ်မှုဖြင့် တိုင်ချက်ဖွင့်သည်။ ရဲက မြဒင်နှင့် အပေါင်းပါတစ်စုကို ဖမ်း၏။ သူတို့က လွန်းတင်သည် စုန်းမတစ်ယောက်ဖြစ်သည်ဟု အကြောင်းပြသည်။ သို့သော် ဤအကြောင်းပြချက်က တရားမဝင်။ မြဒင်နှင့် အပေါင်းပါတစ်စု ထောင်ကျသွားကြသည်။ လွန်းတင်၏အဖေသည် သမီးဖြစ်သူ၏ အဖြစ်ဆိုးကို ကြားသောအခါ စိတ်နှလုံးထိခိုက်၍ ကွယ်လွန်သွားလေသည်။ ဒီတုန်းက စည်သူသည် သုံးနှစ်သားလောက်သာ ဖြစ်သဖြင့် ဤကိစ္စတွေကို ကောင်းကောင်းမမှတ်မိ။ (အဘိုးပြောပြသော ဇာတ်လမ်းနှင့် သူငယ်ငယ်က ကြုံခဲ့ရတာက အခုတော့ ဆက်စပ်မိ သွားသည်။)

ငယ်သော်လည်း အမေ့ကိုတော့ သတိရသည်။ အမေက မြေကြီးထဲရောက်သွားပြီဟု အဖေပြောတာကို သူကောင်းကောင်း နားမလည်။ ဒါကြောင့် အမေမြေမြှုပ်ထားရာ သင်္ချိုင်းထဲက မြေပုံ မှာ သူသွားသွားထိုင်နေတတ်သည်။ တစ်ရက်တွင် သူ့အမေသည် ဤသင်္ချိုင်းမြေပုံထဲမှ ထ,လာလိမ့်မည်ဟု သူယုံကြည်နေသည်။ တစ် ရက် သူသင်္ချိုင်းသို့ ရောက်သွားသောအခါ မြေပုံတွင် ထိုင်နေသော သူ့အမေကို တွေ့ရသည်။ သူက သူ့အမေဆီ ပြေးသွားတော့ သူ့ အမေက နောက်ဆုတ်သွား၏။ သူ့ကို အနားအကပ်မခံ။

www.burmeseclassic.com

သူ့ကိုလည်း စကားမပြော။ ဘယ်ပြောနိုင်မလဲ၊ သူ့အမေ နှုတ်ခမ်းတွေက ဖွင့်လို့မရအောင် အပ်နဲ့ချုပ်ထားတာပဲ။ သူ့အမေ သာ မဟုတ်ဘူးဆိုရင် မြင်ရတဲ့အသွင်အပြင်က ထိတလန့်ခြောက် ခြားစရာပင် ဖြစ်သည်။ သူ့အမေက သူ့ကို ခေါင်းညိတ်ပြကာ တော ထဲဝင်သွားသည်။ စည်သူစိတ်ထဲက သိလိုက်သည်။ သူ့နောက်ကို လိုက်လာစေချင်တဲ့ သဘော။ ကလေးငယ်တစ်ဦးသာဖြစ်သော စည်သူသည် သူ့အမေခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားသည်။

အတော်ကြာအောင် သွားမိသောအခါ သူ့အမေသည် တောထဲတွင်ရှိသော ဂူကြီးတစ်ဂူထဲ ဝင်သွားတာ တွေ့လိုက်ရ၏။ စည်သူက ဂူထဲဝင်လိုက်သွားသည်။ ဂူထဲတွင် သူ့အမေကို မတွေ့ တော့။ ဂူအတွင်းထဲမှာ မှောင်၍နေရာ၊ အလယ်တွင် ဖိုထားသည့် မီးဖိုအလင်းရောင်ကြောင့်သာ ပတ်ဝန်းကျင်ကို မြင်တွေ့နိုင်ခြင်း ဖြစ် သည်။ မီးပုံဘေးတွင် ညစ်ထပ်ထပ် ပုဝါအနက်ကြီးခြုံထားသော ပိန်လှီလှသည့် အဘွားအိုတစ်ယောက် ထိုင်နေသည်။ သူ့လက်တွေ က အရိုးပြိုင်းပြိုင်းထနေကာ၊ မလှီးဖြတ်ဘဲ ထားဟန်တူသည့် လက် သဲရှည်တွေက ချွန်မြနေ၏။ မဖီးမသင်ထားသော



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ရှည်များက ဖရိုဖရဲနှင့် မျက်နှာပေါ် ဝဲကျနေသည်။ သို့သော် သူ့မျက်လုံးတွေက တောက်ပလွန်းလသည်။

ဂူထဲတွင် ဘာနံ့မှန်းမသိ။ ဆိုးဆိုးဝါးဝါး အနံ့တွေ မွှန်ထူနေ၏။ သစ်ဥသစ်ဖု၊ သစ်မြစ်သစ်ရွက်တွေက ထွက်သော အနံ့တွေ ဖြစ်မည်။ တောက်တဲ့အသေတွေ၊ တောက်တဲ့အရှင်တွေ၊ မြွေအသေ တွေ၊ မြွေအရှင်တွေ ရှိသည်။ မျောက်တစ်ကောင်ကိုတွေ့ရာ သူက အသေဟု ထင်သော်လည်း မျောက်က မျက်တောင်ခတ်ပြလက်သဖြင့် အရှင်မှန်းသိရ၏။

ဘေးတွင် ကျောက်ဆုံ၊ ကျောက်ခွက်တွေလည်း ရှိသည်။ ဆေးဝါးဖော်စပ်နေသော ဓါတ်ခွဲခန်းတစ်ခုနှင့် တူသည်။ အဘွားအို က . . .

"မင်းရောက်လာပြီလား"

ဒီတစ်ခွန်းသာ ပြောပြီး သူ့ကို ဆေးတစ်ခွက်တိုက်၏။

"ဒါသောက်လိုက်"

ဆေးက ညစ်ပုတ်ပုတ် ပျစ်ချွဲချွဲ။ သောက်လိုက်တော့ ညှီစို့စို့နိုင်သည်။ သောက်စတွင် ခါးသော်လည်း တစထက်တစ ချိုလာ ၏။ သူ့ခေါင်းတွေ ချက်ချင်းမူးဝေလာသည်။ ဂူကြီးရော၊ အဘွား ကြီးရော၊ မီးပုံကြီးပါ ပတ်ပတ်လည်၍နေ၏။ နောက်တော့ သူသတိ လစ်၍ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

* * * *

သူသတိရလာသောအခါ သူ့အမေ၏မြေပုံဘေးတွင် ဖြစ်နေသည်။ သူ့ကို ဘယ်သူက တောထဲကနေ ဒီနေရာရောက်အောင် ပြန်လာပို့လေသလဲ မသိ။ အချိန်ကိုက်ပင်ဖြစ်သည်။ ပျောက်ဆုံး နေသော သူ့ကို နာမည်တကြော်ကြော်ခေါ်ကာ လိုက်ရှာနေသော သူ့အဖေလည်း သူ့နားကို ရောက်လာသည်။ ပြီးတော့ သူ့ကိုပွေ့ချီ ကာ အိမ်ပြန်ခေါ်သွားလေသည်။ သူက သူတောထဲမှာ အဘွားကြီးတစ်ယောက်နဲ့ တွေ့ခဲ့တာ ပြန်ပြောပြလိုက်သည်။ အဲဒါက လွန်းတင် တို့အမေ၊ မင်းရဲ့အဘွားပဲ ဖြစ်လိမ့်မယ်ဟု သူ့အဖေက မှတ်ချက် ချ၏။

အဲဒီအချိန်ကစ၍ စည်သူ့ဘဝမှာ ထူးခြား၍သွားသည်။ သူသည် မကြာခဏပင် နာနာဘာဝခေါ် တစ္ဆေသရဲများကို မြင်တွေ့ နေရခြင်း ဖြစ်သည်။ ပထမတော့ ကလေးပီပီ သူအတော်ပင် ထိတ် လန့်ကြောက်ရွံ့မိသည်။ ကြာတော့ ကြောက်ရမှန်းမသိတော့။ သူတို့ ကလည်း စည်သူကို ခြောက်လှန့်ခြင်း၊ ဒုက္ခပေးခြင်း မရှိ။ တစ်ချို့က သူရှိမှန်းပင်



www.burmeseclassic.com

မသိ။ သူ့ကို ဂရုမစိုက်။ သူတို့ဘာသာဘာဝ သွားလာနေကြခြင်း ဖြစ်သည်။ သူတို့ အဝတ်အစားများမှာ ကြာရှည်ဝတ်ထား ရဟန်ဖြင့် စုတ်ပြဲညစ်နွမ်း၍နေသည်။ ခန္ဓာကိုယ်တွေက ပိန်ခြောက် ညစ်ပတ်နေ၏။ သူတို့သည် လူတို့စွန့်ပစ်ထားသော စားကြွင်းစား ကျန်များကို လိုက်လံရှာဖွေကာ စားသောက်နေရခြင်းဖြစ်ရာ ဘယ်သောအခါမှ ဝဝလင်လင် စားကြရဟန်မတူ။ ဒါတွေသည် အပါယ် လေးဘုံထဲမှာ တစ်ဘုံအပါအဝင်ဖြစ်သည့် ပြိတ္တာဘုံသားတွေ ဖြစ် လေသည်။

ဒါ့အပြင် စည်သူသည် စိတ်ထဲရှိတာ ထင်မြင်တာကို ပြောလိုက်လျှင် မှန်နေတတ်ပြန်သည်။ သူ့အဘွား၊ သူ့အမေတွေဆီက ဆင်းသက်ရရှိခဲ့သည့် အမွေပေလား။ သို့မဟုတ် တောထဲက အဘွား ကြီးတိုက်လိုက်သည့် ဆေးအစွမ်းပေပဲလား။ သူ့အဖေက ရိပ်စားမိ ကာ . . .

"သားကလေး . . . ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ မပြောနဲ့၊ သားလေး အန္တရာယ်ရှိတယ်၊ မင်းအမေက အဲသလိုပြောလို့ အသတ်ခံခဲ့ရတာ"

ဟုသာ ပြောပြခဲ့၏။ သူ့အမေနှုတ်ခမ်းများကို အပ်နဲ့ချုပ်ထားတာ ပြန်မြင်ယောင်ပြီး အမေ့ကိုယ်စား နာကျင်ကြေကွဲနေမိ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ (၇) နှစ်သားအရွယ်တွင် မြဒင်သည် ထောင်မှလွတ်ကာ ရွာကို ပြန်ရောက်လာသည်။ မြဒင်ကို သူကြည့်မရ။ သူ့အမေကို သတ်တဲ့သူကို ဖြစ်နိုင်လျှင် သူကိုယ်တိုင်သာ သတ်ပစ်ချင်သည်။ သို့သော် သူက ကလေးမျှသာဖြစ်သဖြင့် ဤကိစ္စကို မစွမ်းဆောင် နိုင်။

သူ့ကို သွားရင်းလာရင်း ရွာထဲမှာ ဆုံပါလျှင် မြဒင်ကြီးက "ဟေ့ . . စုန်းမသား" ဟု လှောင်ပြောင်ခေါ်တတ်၏။ သူက မခံချင။

"ခင်ဗျား ကျုပ်ကို ဒီလိုမခေါ်နဲ့"

"စုန်းမသားမို့ စုန်းမသားလို့ခေါ်တာ၊ မင်းက ဘာလုပ်ချင်လို့လဲ"

"ကျုပ်က ဘာမှမလုပ်ဘူး၊ လုပ်စရာ မလိုဘူး၊ ခင်ဗျားက ကျွဲခတ်လို့ သေမယ့်လူပဲ"

သူ့စကားကြောင့် မြဒင်ထိတ်လန့်သွားပြန်သည်။ ဘေးက လူတွေကလည်း သူ့ကို ဝိုင်းကြည့်နေကြ၏။ တကယ်တော့ ဘာရည် ရွယ်ချက်မှမရှိဘဲ သူ့ပါးစပ်က ရုတ်တရက် ထွက်သွားခြင်း ဖြစ်သည်။ မြဒင်ကတော့ ဒီကောင်လေးစကားက သူ့အမေစကားလို မှန်နေ လေမလားဟုတွေးကာ ထိတ်လန့်သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ သူကျောင်းလာသောအခါ ထိုစကားကို မေ့လျော့၍ပင် နေလေသည်။ သူတို့ ကျောင်းအနီးတွင် ထန်းရည်ဆိုင် တစ်ဆိုင်ရှိရာ၊ ထိုဆိုင်ထဲမှ ထန်းရည်သောက်ကာ ထွက်လာသည့် မြဒင်ကြီးကို သူမြင်ရသည်။ မြဒင်ကြီးမှာ ထန်းရည်မူးနေသဖြင့် လမ်း ကောင်းကောင်း မလျှောက်နိုင်။ ထိုစဉ်မှာပင် ကျွဲအုပ်ထဲက ကျွဲတစ် ကောင်က မြဒင်ကြီးဆီ သွေးရူးသွေးတမ်းပြေးလာတာ စည်သူမြင် လက်ရ၏။ ထိုကျွဲပေါ်တွင် သူ့အမေက ဆံပင်ဖါးလျားဖြင့် စီးလျက် လိုက်ပါလာသည်ကို မြင်ရတော့ သူအံ့သြသွားသည်။ ထိုကျွဲက မြဒင် ကြီးထံ ပြေးသွားကာ၊ ကားနေသော ချို(ဂျို)ဖြင့် ခတ်လိုက်သည်။ မြဒင်ကြီး ရှောင်တိမ်းချိန်မရတော့။ ကျွဲချိုဖျားတွင် အသက်ပါ၍ သွားလေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၃) တမလွန်မှုဂလွဲစား

"အဲဒီနောက်ပိုင်းကိစ္စတွေကတော့ အဘိုးသိတဲ့အတိုင်းပဲ၊ ရွာက လူတွေက မြဒင်ကြီးသေရတာ ကျွန်တော်ကျိန်ဆဲလို့၊ ကျွန်တော်ဟာ ကျွန်တော့်အမေလို ပညာသည်လို့ မြင်လာကြတယ်၊ သိပ် အန္တရာယ်များတာနဲ့ အဖေနဲ့ကျွန်တော် ရွာက ထွက်ခဲ့ကြတယ်"

တောမြို့ကလေးမှာ သူ့အဖေ နောက်အိမ်ထောင်ပြုသည်။ သူ့မိထွေးဒေါ်ကြိုင်က သူ့ကို မျက်နှာသာ မပေး။ အခွင့်သာလျှင် နှိပ်စက်သည်။ နောက်ဆုံး ဒေါ်ကြိုင်လည်း မြွေပေါက်ကာ သေရ သည်။ သူ့အဖေက စည်သူကို ဆက်ခေါ်မထားနိုင်တော့။ သူက အရက်စွဲသူဖြစ်နေလေပြီ။ ဒါကြောင့် ရန်ကုန်ကို အဘိုးအဘွားများ ထံ အရောက်ပို့ပေးခြင်း ဖြစ်လေသည်။

(သူသည် ချောင်းသာတွင် အလည်သွားရင်း သီချင်းရေးဆရာမ၊ စန္ဒယားဆရာမ မြဝတ်ရည်နှင့် ချစ်သူတွေဖြစ်ခဲ့ပုံ၊ ချောင်း သာတွင် သူ့လက်ဖွဲ့ကလေး ပျောက်ဆုံးခဲ့ရာမှ

www.burmeseclassic.com

www.burmeseclassic.com

မကောင်းသော အမြင်အာရုံတွေ ပြန်ရလာပုံမှာ ပထမပိုင်းများ၌ ဖေါ်ပြခဲ့သည့် အတိုင်းပင် ဖြစ်လေသည်။)

သူ့အဘိုးက စိတ်မသက်မသာဟန်ဖြင့် သက်ပြင်းချကာ-

"လူတွေဟာ တစ်ဦးနဲ့တစ်ဦး အကျိုးပေးခြင်း မတူကြဘူး၊ မင်းရဲ့အကျိုးပေးကလည်း တစ်မျိုးလို့ ဆိုရမယ်၊ ဒီတော့ ရှေ့လျှောက် မင်းသတိနဲ့ နေဖို့ပဲ လိုတယ်၊ ဘုရားတရားကို မမေ့လျှော့နဲ့၊ မင်း လည်း အရွယ်ရောက်နေပြီဆိုတော့ ဒါပဲ ငါပြောချင်တယ်၊ ကဲ . . . အနားယူတော့"

ဟုသာ တိုတိုတုတ်တုတ် သတိပေးသည်။ စည်သူ အိမ်ယာထဲဝင်ခဲ့သည်။ သို့သော် တော်တော်နှင့် အိပ်မပျော်။ ပျော်ပြန်တော့ လည်း ခြောက်ခြားဖွယ်ရာ အိပ်မက်တွေ မက်နေသည်။

အိပ်မက်ထဲတွင် သူ့အမေသည် ကျွဲကြီးစီးကာ အပြေးနှင် လာနေသည်။ ကြုံလှီသော ခန္ဓာနှင့် ဖါးလျားကျနေသော ဆံပင်တွေ က လေထဲဝဲလွင့်နေ၏။ သူ့ပါးစပ်က အပ်နှင့်ချုပ်ထားရာ နှုတ်ခမ်းမှ သွေးစက်တွေက လည်ချောင်းတစ်လျှောက် စီးကျနေသည်။ မျက်လုံး တွင် မျက်ရည်တွေ စီးကျနေ၏။ သို့သော် ထိုမျက်ရည်တွေက သွေး ကဲ့သို့ နီစွေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

* * * *

ညက အိပ်မက်ဆိုးများကြောင့် သူကောင်းကောင်း အိပ်မပျော်။ မနက်ကျတော့ လူက နှုံးချိကာ ခေါင်းတွေနောက်ကျိနေသည်။ သို့သော် ဒီနေ့ သူကိုင်တွယ်ရသော အမှုက စီရင်ချက်ချမည့် နေ့ဖြစ်သဖြင့် သူက တရားရုံးကို မပျက်မကွက် ထွက်လာရသည်။

အမှုက လူသတ်မှု။ အမှုသွားအမှုလာအရလည်း ထင်ရှားသည်။ ကိုဘထွန်းတင်ဆိုသူက ကိုမြင့်နိုင်ဆိုသော သူကို သတ်လိုက် ခြင်းဖြစ်သည်။ ကိုဘထွန်းတင်က ချမ်းသာသော စီးပွားရေးလုပ်ငန်း ရှင်ကြီးတစ်ဦးဖြစ်သည်။ သူ့အတွင်းရေးမှူးမလေးတစ်ဦးဖြစ်သည့် သက်ထားနှင့် တိတ်တဆိတ် ဖေါက်ပြန်နေသည်။ သက်ထားတွင် ကိုမြင့်နိုင်ဆိုသော ခင်ပွန်းရှိသည်။ ကိုမြင့်နိုင်က ဒါကို မကျေနပ်။ ရုံးတွင်တရားစွဲမည်ဟု ခြိမ်းခြောက်သည်။

ကိုဘထွန်းတင်က ညှိနှိုင်းရန် ကိုမြင့်နိုင်ကို ချိန်းသည်။ ပြီးတော့ ရှစ်ထပ်မြင့်သော ရုံးအတွင်းလှေကားပေါ်မှ တွန်းချသတ်ဖြတ် လိုက်ခြင်း ဖြစ်သည်။ သို့သော် ခက်တာက

www.burmeseclassic.com

www.burmeseclassic.com

မျက်မြင်သက်သေမရှိ။ ကိုဘထွန်းတင်က ကိုမြင့်နိုင်သူနဲ့စကားပြောပြီး ပြန်ထွက်သွားသည်။ သူ့ဖာသာအရက်မူးနေသဖြင့် အရှိန်လွန်ကာ လိမ့်ကျသေဆုံးခြင်း ဟု ထွက်ဆိုသည်။ တကယ်တော့ ကွယ်လွန်သူ ကိုမြင့်နိုင်သည် ထိုစဉ်က အရက်သောက်ထားကြောင်းလည်း ဆေးပညာအရ စစ်ဆေးတွေ့ရှိရ၏။ ဒီတော့ ဤအချက်ကို စွဲကိုင်ကာ ကိုဘထွန်းတင် ၏ရှေ့နေက အပိုင်လျှောက်လဲတော့သည်။

အဆုံးသတ်ပြောရလျှင် သူရှုံးသည်။

တရားရုံးထဲတွင် ကိုဘထွန်းတင်က ဝင့်ကြွားစွာ ထိုင်နေသည်။ တစ်ခြားသူတွေ မမြင်သော်လည်း သူ့ဘေးတွင် မတ်တပ်ရပ် နေသော ကွယ်လွန်ပြီးသူ ကိုမြင့်နိုင်ကို စည်သူမြင်နေရသည်။ ကိုမြင့်နိုင်သည် လှေကားပေါ်မှ ကျသည့်အရှိန်ကြောင့် ဇက်ကျိုးနေရာ၊ လည်ပင်းကြီးက လိမ်၍နေသည်။ ခေါင်းတစ်ခြမ်းက ပြားနေသည်။ သူ့အဝတ်အစားနှင့် ခန္ဓာကိုယ်မှာက သွေးတွေစိုရွှဲနေသည်။

တရားသူကြီးက ကိုဘထွန်းတင်အား တရားရှင်လွှတ်လိုက်ကြောင်း စီရင်ချက်ကို ဖတ်ပြသည်။ သူစိတ်ပျက်လက်ပျက်ထွက်လာ ပြီး ရှေ့နေများနားနေခန်းထဲတွင် တစ်ကိုယ်တည်း ထိုင်နေမိ၏။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲကို ကိုဘထွန်းတင်က အောင်နိုင်သော အပြုံးကို ပြုံးရင်း ဝင်ရောက်လာသည်။

"ဘယ်လိုလဲ ရွှေနေကြီး၊ ထင်တိုင်းမဖြစ်လို့ စိတ်ညစ်သွားသလား"

"အမှုဆိုတာ အရှုံးနဲ့အနိုင် နှစ်မျိုးပဲရှိတာ မထူးဆန်းပါဘူး၊ ကိုဘထွန်းတင် . . . ကျွန်တော်က ကျွန်တော်ရှုံးနိမ့်တာကို စိတ်ပျက် နေတာ မဟုတ်ပါဘူး၊ အမှန်တရားရှုံးနိမ့်သွားတာကို စိတ်ပျက်နေ တာပါ"

ဘထွန်းတင်က တဟားဟား အော်ရယ်လိုက်သည်။ ငွေများ တရားနိုင်တဲ့ခေတ်က မကုန်ဆုံးသေးဘူးလား။ ဘထွန်းတင်သည် စီရင်ချက်ချမည့် တရားသူကြီးကို ပိုက်ဆံအတော်များများ ကြိတ်ပေး ခဲ့သည်ဆိုသော သတင်းများကြားခဲ့ရသည်။ ဘထွန်းတင်က နှာခေါင်း ကို ရှုံ့ပွရှုံ့ပွလုပ်၍ အနံ့ခံကြည့်ကာ . . .

"ခင်ဗျားအခန်းထဲမှာ ကြွက်သေရှိနေတယ်ထင်တယ်၊ ကျုပ် အပုတ်နံ့ရတယ်"

ဟုပြောလိုက်သည်။ စည်သူက ဘာနံ့မှမရ။ ကြည့်လိုက်တော့ ကိုဘထွန်းတင်နောက်တွင် ရပ်နေသော နာနာဘာဝကိုမြင့်နိုင် ကို တွေ့နေရသည်။ သတို့သည်



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်လျှင် အပုတ်နံ့ပေးတတ် သည်ဟူသော စကားကို သူကြားဖူးသည်။ စည်သူက . . .

"ကျွန်တော်တော့ ဘာနံ့မှ မရဘူး"

"ခင်ဗျား နှာခေါင်းပိတ်နေတာ ဖြစ်မယ်"

ကြာကြာမနေနိုင်တော့ဘဲ ကိုဘထွန်းတင် ပြန်ထွက်သွားသည်။ ကိုဘထွန်းတင်နောက်မှ ထပ်ချပ်မကွာ ကိုမြင့်နိုင်လိုက်သွား တာ သူတွေ့ရသည်။

သူရုံးခန်းထဲမှာ ဆက်ထိုင်နေသည်။ ကိုဘထွန်းတင်တို့ ထွက်သွားပြီး မကြာမီ ဝုန်းဒိုင်းဟူသော ကျယ်လောင်လှသည့် အသံ ကြီးကြားလိုက်ရ၏။ သူ့အခန်းသည်ပင် တုန်လှုပ်၍သွားသည်။ အခန်းထဲကို ဝန်ထမ်းလေးတစ်ယောက်ဝင်လာကာ ပြောသည်။

"ဆရာရေ . . . ဓါတ်လှေကားပြုတ်ကျလို့"

ဓါတလှေကားထဲတွင် တစ်ယောက်တည်းပါသွားသော ကိုဘထွန်းတင်သည် ထိုနေရာတွင်ပင် ကွယ်လွန်သွားလေသည်။

နောက်တစ်နေ့တွင် စည်သူသည် မြဝတ်ရည်နေသော တိုက်ခန်းသို့ ထွက်လာခဲ့သည်။ မြဝတ်ရည်က ကျောက်မြောင်းဘက် တွင် တိုက်ခန်းတစ်ခန်း၌ တစ်ကိုယ်တည်း နေထိုင်နေသည်။ သူ့ မိဘတွေက နယ်မှာနေကြ၏။ သူက



www.burmeseclassic.com

www.burmeseclassic.com

စန္ဒယားတီး၊ သီချင်းရေးအလုပ် များအားလျှင် အပြင်တွင် စန္ဒယားသင်လိုသူတွေကို ဂီတကျူရှင် ဆရာမအဖြစ် အချိန်ပိုင်းသွားရောက်သင်ပေးလေ့ရှိသည်။ စန္ဒယားသင်သူများမှာ တကယ်ချမ်းသာသော သားသမီးတွေဖြစ်သည်။ ဒီတော့ သင်ကြားခလည်း မြက်မြက်ကလေးရတတ်၏။

မြဝတ်ရည်အခန်းရှိရာ လေးလွှာသို့ သူလှေကားတစ်ထစ်ချင်းနင်းကာ တက်လာသည်။ သာမန်ကန်ထရိုက်တိုက်သာ ဖြစ်သဖြင့် ဓါတ်လှေကားတပ်ဆင်မထား။ ပြီးတော့ လှေကားထစ်တွေ က ကျဉ်းမြောင်းသေးသည်။ မြဝတ်ရည်အခန်းနှင့် မျက်နှာချင်းဆိုင် တွင် အခန်းတစ်ခန်းရှိရာ၊ ထိုအခန်းတံခါးဝတွင်ရပ်ကာ တံခါးခေါက် နေသော ဆံပင်ဖြူဖြူနှင့် အဘွားကြီးတစ်ယောက်ကို သူတွေ့ရ၏။ အဘွားကြီးက သူ့ပိန်ချိချိလက်ကလေးတွေနှင့် တံခါးကိုခေါက်နေ သည်။ အထဲက တစ်စုံတစ်ရာ တုန့်ပြန်သံမကြားရ။

"အဒေါ်ကြီး . . . ကျွန်တော်ခေါက်ပေးပါ့မယ်"

လူတကာကို ကူညီချင်စိတ်ရှိသော သူက ပြောလိုက်သည်။ ပြီးတော့ တံခါးကို ခေါက်လိုက်သည်။ အသက်လေးဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

အရွယ် မိန်းမတစ်ဦးက တံခါးလာဖွင့်ပေး၏။ ပြီးတော့ မေးသည်။

"ဘာကိစ္စရှိပါသလဲ"

သူက ဘေးမှအဘွားအိုကို လှည့်ကြည့်လိုက်သည်။ ဘယ်အချိန်က ပျောက်သွားသည်မသိ။ မတွေ့ရတော့။

အခန်းတံခါးက ပွင့်နေသဖြင့် အထဲသို့ လှမ်းကြည့်လိုက်၏။ ဧည့်ခန်းတစ်နေရာရှိ စားပွဲပေါ်တွင် ထောင်ထားသော ဓါတ်ပုံ တစ်ပုံတွေ့ရသည်။ ဓါတ်ပုံဘောင်ပေါ်တွင် စံပယ်ပန်းတွေ တင်ထား ၏။ ဓါတ်ပုံထဲမှာ အဘွားကြီး၏ခေါင်းမှ ဆံပင်များမှာ ဖွေးဖွေးလှုပ် အောင် ဖြူနေကြသည်။ သူတံခါးဝတွင် တွေ့လိုက်ရသော အဘွား ကြီးပင် ဖြစ်သည်။ အမျိုးသမီးကြီးက သူ ဓါတ်ပုံကိုကြည့်နေတာ မြင်ရသဖြင့် . . .

"ကျွန်မတို့ အမေလေ၊ ဒီနေ့ပဲ သူ့အသုဘ ပြန်လာတာ၊ တစ်နေ့က နှလုံးရောဂါနဲ့ ဆုံးသွားတာ၊ ရှင်က အမေ့အသိလား၊ အထဲဝင်ပါဦး"

ဟု ဖိတ်ခေါ်၏။ သူက ငြင်းဆန်လိုက်သည်။

"မဟုတ်ပါဘူး၊ ဝမ်းနည်းပါတယ်၊ ကျွန်တော်က အခန်းတံခါးမှားခေါက်မိတာပါ၊ ကျွန်တော်လာတာက ရှေ့အခန်းပါ"



www.burmeseclassic.com

ဟုပြောကာ ကျောပေးလိုက်ရသည်။ သူက တစ်ဘက်သို့ လှည့်ကာ မြဝတ်ရည်တံခါးကို ခေါက်သည်။ သူ့နောက်ကျောက အခန်းတံခါးက ပြန်ပိတ်သွားသည်။

ဘာတွေဖြစ်နေတာလဲ။

သူက လူကောင်းတွေ၊ အသက်ရှိနေသော လူတွေသာမက ကွယ်လွန်ပြီးသော လူတွေကိုပါ မြင်ရသည်။ ကြာတော့ ရောထွေး ကုန်သည်။ သူကိုယ်တိုင်ပင် သူမြင်နေသော သူသည် ကွယ်လွန်ပြီး သူလား၊ ရှင်နေသေးသူလား ခွဲခြားမရ။

"ကိုစည် . . . ဘာဖြစ်လာတာလဲ"

သူ့ကိုတွေ့တွေ့ချင်း မြဝတ်ရည်က မေးသည်။ သူ့မျက်နှာက နီရဲကာ နဖူးတွင် ချွေးတွေ သီးနေသည်။

"ဘာမှမဖြစ်ပါဘူး"

သူက လိမ်လိုက်သည်။ သူသည် ဒီလိုကွယ်လွန်ပြီးသွားသော တမလွန်ဘဝမှ လူတွေကို မြင်နေရသူဖြစ်ကြောင်း မြဝတ်ရည် မသိ။ တကယ်တော့ သူကလည်း ဤကိစ္စအား မြဝတ်ရည်ကို အသိ မပေးချင်။ သူ့ကို အများနှင့်မတူသောလူ သို့မဟုတ် သူ့ကို လူထူး လူဆန်းဟု ထင်မြင်သွားလျှင် သူနှင့် မြဝတ်ရည်၏ဆက်ဆံရေးမှာ မပြေမလည်ဖြစ်၍ သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

မြဝတ်ရည်က နားလည်ခွင့်လွှတ် နိုင်ခြင်းမရှိသော် လမ်းခွဲကြရုံသာ ဖြစ်သွားနိုင်သည်။

"ကိုစည် ...လှေကားပေါ်တက်လာရတာ မောလာတယ် ထင်တယ်၊ နေကလည်း ပြင်းတယ်လေ"

မြဝတ်ရည်က ရေခဲသေတ္တာကိုဖွင့်ကာ ရေအေးအေးတစ် ခွက်ပေးသည်။ ဘာပဲဖြစ်ဖြစ် ဒီနေရအေးအေးက သူ့နှလုံးခုန်မြန် နေမှုကိုတော့ အတော်အတန် နှေးသွားစေသည်။

"ဒီနေ့ ဘာနေ့လဲ ကိုစည်"

မြဝတ်ရည်က မေးသည်။ သူက ...

"အင်္ဂါနေ့လေ"

"သန်ဘက်ခါ ကြာသပတေးနေ့ဟာ ..."

"ကိုယ်သိပါတယ် ...ဝတ်ရည်ရဲ့မွေးနေ့ဆိုတာ"

သူက ဒီလိုဂရုတစိုက်ရှိတယ်ဆိုတော့ မြဝတ်ရည်က ပြုံး ပျော်သွား၏။

"ကိုစည် သတိမှရပ့ါမလားလို့"

"ကိုယ့်ဘဝမှာ ဝတ်ရည်က အရေးအကြီးဆုံးလူတစ်ယောက် ပဲ၊ ကိုယ်မေ့နေပ့ါမလား ဝတ်ရည်ရယ်၊ ပြီးတော့ ဝတ်ရည်ကို မွေး နေ့လက်ဆောင်ပေးဖို့လည်း အခုပါလာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူက ကတ္တီပါဗူးနက်ကလေးကို ဖွင့်လိုက်သည်။ အထဲမှာ ပလက်တီနမ်ဆွဲကြိုးလေး။ လော့ကတ်သီးလေးက အသဲပုံဖြစ်သည်။

"ဟယ် . . . လှလိုက်တာ၊ ဒါပေမယ့် မွေးနေ့ကျမှပေးလေ"

"မဖြစ်ဘူး ဝတ်ရည်ရဲ့၊ အဲဒါလဲ ပြောချင်လို့၊ ကြာသပတေးနေ့ကျ ကိုယ်က နယ်ရောက်နေမှာ၊ အမှုချိန်းတစ်ခုရှိလို့"

မြဝတ်ရည်မျက်နှာက ညှိုးငယ်၍သွားသည်။

"အင်းလေ . . . အလုပ်ကိစ္စရှိတယ်ဆိုတော့လည်း ခွင့်လွှတ်ရမှာပေါ့"

"ဒါပေမယ့် ကိစ္စပြီးပြီးချင်း ကိုယ်ပြန်လာခဲ့မယ်လေ၊ ရန်ကုန်ကို ညဦးလောက်တော့ ရောက်မယ်၊ အဲဒီတော့မှ ကိုယ်တို့ထွက်ပြီး ညစာစားကြတာပေါ့"

မြဝတ်ရည်က ခေါင်းညိတ်ပြလိုက်သည်။ သူက မြဝတ်ရည်၏လည်တိုင်ကျော့ကျော့မှာ ပလက်တီနမ်ဆွဲကြိုးလေးကို ကိုယ်တိုင် ဆပေးလိုက်လေသည်။

မြဝတ်ရည်အခန်းက သူပြန်ထွက်လာတော့ မျက်နှာချင်းဆိုင်အခန်းတံခါးဝတွင်ရပ်ကာ တံခါးခေါက်နေသော ဆံပင်ဖြူဖြူနှင့် အဘွားကြီးကို သူတွေ့ပြန်သည်။ အဘွားကြီးက သူအထဲဝင်ခွင့်ရရန် တံခါးကိုသာ ခေါက်နေသည်။ ဘေးဘီကို



www.burmeseclassic.com

www.burmeseclassic.com

လှည့်မကြည့်။ စည်သူက ပုခုံးကို တွန့်လိုက်သည်။ ဒီတစ်ခါတော့ သူကူညီဖို့ စိတ်ကူးမရှိတော့။ ကိုယ့်ဖာသာ လှေကားအတိုင်း ဆက်ဆင်းလာခဲ့သည်။ လမ်းပေါ် ရောက်တော့ အမှောင်ထုက လွှမ်းမိုးစပြုနေလေပြီ။

လမ်းပေါ်တွင် သွားလာနေကြသူတွေကို မြင်ရသည်။ ဤအထဲတွင် အသက်ရှင်လျက်ရှိသော လူတွေထဲ၌ သေဆုံးပြီးဖြစ်နေ သည့် ဝိညာဉ်တွေရော ဘယ်လောက်ပါဝင်နေမည်နည်း။ သူ မခွဲ ခြားတတ်တော့ပေ။

* * * *

(၄) ကားကြုံစီးသော တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com

ကားကလေးက မြားက ပစ်လွှတ်လိုက်သော မြားတံလို တဟုန်ထိုး ပြေးလွှားနေသည့်တိုင်အောင် ကားမောင်းလာသည့် စည်သူစိတ်ထဲတွင် နှေးနေသည်ဟု ထင်နေသည်။ ဒီထက်စောစော နယ်မြို့ကလေးက ထွက်လာဖို့ ကောင်းသည်။ အမှုက မပြီးပြတ် သဖြင့် ထင်ထားတာထက် ပိုကြာနေ၏။ အခု ရန်ကုန်နားကို ချဉ်း ကပ်လာတော့ မှောင်စပျိုး၍နေလေပြီ။

သူက သူ့ချစ်သူမြဝတ်ရည်ဆီ ဖုန်းဆက်ကြည့်၏။ ဒီနေ့ သူ့ချစ်သူမွေးနေ့။ အမှီရောက်အောင် ပြန်လာမည်။ သူတို့နှစ်ယောက် အပြင်ထွက်ကာ ညစာစားကြမည်။

"အစ်ကိုလား . . . ကိုစည် ဘယ်ရောက်နေလဲ"

"ပြန်လာနေပြီ . . . ဝတ်ရည်၊ နောက်တစ်နာရီကျော်ကျော် လောက်ဆို ဝတ်ရည်တိုက်ခန်းကို ရောက်လာမယ်၊ ကိုယ်တို့ အပြင် ထွက် ညစာစားကြမယ်လေ"

"နေဦး ကိုစည်၊ ဝတ်ရည် အခု အပြင်ရောက်နေတယ်၊ အလုပ်ကိစ္စလေးတစ်ခုနဲ့"

သူက သက်ပြင်းချလိုက်သည်။ မြဝတ်ရည်က အင်မတန် အလုပ်ကြိုးစားသူလေးဖြစ်သည်။

"အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com

“ဘယ်လိုမှ မလုပ်နဲ့၊ ဝတ်ရည်တိုက်ခန်းကိုပဲ လာခဲ့လေ၊ နောက်တစ်နာရီလောက်ဆိုရင်တော့ ဝတ်ရည်လည်း တိုက်ခန်းကို ပြန်ရောက်နေလောက်ပါပြီ”

“အိုကေ . . . ဒါဆို အဆင်ပြေပါတယ်”

သူ ဖုန်းကို ချလိုက်သည်။ ကားက မြို့ပြင်လှိုင်သာယာ တံတားတစ်ခုပေါ်ရောက်လာ၏။ ဒီလို တံတားတွေပေါ်မှာ ကားကို အရှိန်တင်မမောင်းသင့်။ ဒါကြောင့် သူက မောင်းလာသော ကား အရှိန်ကို လျှော့လိုက်သည်။ ထိုအခိုက်မှာပင် သူ့နောက်က ကား တစ်စီးက ဟွန်းသံပေးကာ ကားကို အပြင်းမောင်းရင်း သူ့ကားကို ကျော်တက်လိုက်၏။

တံတားပေါ်တွင် တစ်စီးနှင့်တစ်စီး ကျော်မတက်သင့်။ ပြီးတော့ ဘာကြောင့်ဒီလောက် အရှိန်ပြင်းပြင်း မောင်းလာရသနည်း။ သူက တစ်ဖက်က ကားကို ကားမောင်းရင်း စောင်းကြည့်လိုက်သည်။ ကားကိုမောင်းလာသူက မိန်းမလှလေးတစ်ဦးဖြစ်သည်။ သို့သော် သူ့ဘေးတွင် ထိုင်နေသော ခြောက်ခြားဖွယ်ရာ အရုပ်ဆိုးဆိုးသရဲမ တစ်ကောင်ကို တွေ့လိုက်ရသောအခါ . . .

သရဲမရှိနေကြောင်း ကောင်မလေးကလည်း သိနေပုံရ၏။ သရဲမက ကားအရှိန်ကို တိုးမြှင့်သထက် တိုးမြှင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

စေစားနေ ပုံရသည်။ ကားက သူ့ကားကို တဟုန်ထိုး ကျော်တက်သွားကာ အရှိန်ဖြင့် တံတားပေါ်မှ လူတစ်ချို့ကိုတိုက်ကာ တံတားလက်ရမ်း နံရံကိုတုက်ပြီး ရပ်တန့်သွားပါလေတော့သည်။

သူ့ကားကိုရပ်ကာ ကားပေါ်က စည်သူဆင်းလိုက်သည်။ ပြီးတော့ တံတားလက်တန်းကိုတိုက်ကာ ရပ်နေသော ကားဆီလျှောက် သွားလိုက်သည်။ ကားတိုက်မှုကြောင့် တံတားလက်တန်းသည် ထို နေရာတွင် ကျိုးပဲ့ပျက်စီးသွားကာ၊ ကားခေါင်းက အပြင်ဘက်ကျွံ ထွက်နေသည်။

ကောင်မလေးသည် မျက်နှာတွင် သွေးမရှိသလို ဖြူလျော်နေကာ အတော်ပင် ထိတ်လန့်ခြောက်ခြားနေပုံရ၏။ သူက တံခါး ဖွင့်ကာ တဖြည်းဖြည်း ဆွဲထုတ်လိုက်ရသည်။

"ကျွန်မကားနဲ့ သူတို့ကို တိုက်လိုက်မိတယ်"

"ဘယ်သူတွေလဲ"

"ကျွန်မ ဘယ်သိမလဲ၊ သူတို့က ရေထဲကျသွားကြပြီ"

စည်သူက တံတားလက်တန်းကိုကျော်ကာ ရေထဲငုံ့ကြည့်လိုက်သည်။ မှောင်မည်းနေသော ရေပြင်ကလွဲ၍ ဘာမှမမြင်ရ။ သူတို့အနားကို ကူညီရန် လူတစ်ချို့ ရောက်လာသည်။ လူတစ်ဦးက . . .

www.burmeseclassic.com

www.burmeseclassic.com

"ခုန . . . ဒီနားမှာ ဗွီဒီယိုရိုက်နေတဲ့ သူတွေရှိတယ်"

ဟုပြောသည်။ သူက . . .

"ရဲစခန်းကို ဖုန်းဆက်စမ်းပါ"

ဆိုတော့ တစ်ယောက်က . . .

"ကျွန်တော် ဆက်ပြီးပြီ"

ဟုပြောသည်။ စည်သူက ဆေးရုံကိုဆက်ကာ လူနာတင်ကားခေါ်လိုက်သည်။ ဒီကောင်မလေးအခြေအနေကြည့်ရတာက ဆေးရုံကိုပို့မှ ဖြစ်တော့မည်ထင်သည်။ လူက ခန္ဓာကိုယ်တွင် ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရမှုတွေ မရှိသော်လည်း စိတ်ဂယောင်ခြောက်ခြားဖြစ်နေတာက ပေါ်လွင်နေသည်။

လူနာတင်ကား ရောက်လာသည်။ ရေထဲကျသွားသည်ဆိုသော သူများကို ဆယ်ဖို့ ကြိုးစားသူက ကြိုးစားသည်။ ကားတိုက်မှု ဖြစ်ကာ ရေထဲကျသွားသည်ဆိုတော့ ထိုသူများမှာ အသက်ရှင်နိုင် ရန် အခွင့်အလမ်း အရမ်းနည်းသွားသည်။

သူက သူ့ကားဖြင့်ပင် ကောင်မလေးကို ဆေးရုံလိုက်ပို့ခဲ့၏။ ဆေးရုံရောက်တဲ့အထိ ကောင်မလေးက စကားမပြောနိုင်။ အကြောက် လွန်ကာ ကြောင်စီစီဖြစ်နေသည်။ ထိခိုက်ဒဏ်ရာရတာက အနည်း အကျဉ်းပွန်းပဲ့ရုံလောက်သာ။ ကောင်မလေးဖခင်က ချမ်းသာသော ကုမ္ပဏီပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီးတစ်ဦးဖြစ်သည်။ မြန်မာစီးပွားရေးလောက တွင် အမည်တစ်လုံးနှင့် ထင်ရှားသူဖြစ်သည်။ စည်သူက ကောင်မလေးကို မေးလိုက်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကေသီ . . . အပြည့်အစုံက ကေသီရဲရင့်"

သူ့အဖေ၏အမည်က ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းရှင် ဦးရဲရင့်ဖြစ်၏။ ကောင်မလေးက သူ့အဖေဆီ ဖုန်းဆက်ထားပြီးပြီ။

"မင်းအဖေဆီ ဖုန်းဆက်ထားပြီးပြီဆိုတော့ မကြာခင် မင်း အဖေရောက်လာလိမ့်မယ်၊ ရော့ . . . ဒါလေးက ငါ့ရဲ့ visiting ကဒ်ကလေးပဲ၊ ဖုန်းနံပါတ်လည်း ပါတယ်၊ အကြောင်းကိစ္စရှိရင် ငါ့ကို အချိန်မရွေးဆက်သွယ်လို့ ရတယ်"

ဟုပြောကာ ကဒ်ပြားလေးထုတ်ပေးခဲ့သည်။ အဆုံးမှ သူ သတိရသည်။ နာရီကိုကြည့်လိုက်တော့ ၈ နာရီကျော်နေလေပြီ။ သူနှင့် သူ့ချစ်သူမြဝတ်ရည် ချိန်းထားသည် မဟုတ်လား။ မြဝတ်ရည် တစ်ယောက် စောင့်စားရင်းနှင့် စိတ်ဆိုးနေတော့မည်။

စည်သူသည် ကေသီကို နှုတ်ဆက်ကာ ဆေးရုံက အမြန် ထွက်လာခဲ့သည်။ သို့သော် လမ်းပေါ်တွင် ကားကို သိပ်မြန်မြန်


www.burmeseclassic.com

www.burmeseclassic.com

မမောင်းရဲ့။ အခုလောလောဆယ်တွင် သူ့ရှေ့မှာ ယာဥ်မတော်တဆ မှုဖြစ်ခဲ့တာဆိုတော့ သူဆင်ခြင်ရပေမည်။

မြဝတ်ရည်ရှိရာ လေးလွှာသို့ သူအပြေးကလေး တက်လာခဲ့သည်။ တံခါးကို ခေါက်လိုက်တော့ မြဝတ်ရည်က လာဖွင့်ပေး၏။ သူထင်သည့်အတိုင်းပင် မြဝတ်ရည်၏မျက်နှာက မှုန်ကုတ်ကုတ်။ ပြီးတော့ အပြစ်တင်စကားပြောလိုက်သည်။

"ကိုစည် . . . ဘာလို့ နောက်ကျနေတာလဲ"

"လမ်းမှာ ယာဥ်တိုက်မှုလေးတစ်ခုနဲ့ ကြုံနေတာနဲ့ ကိုယ်ဝင်ကူညီနေတာပါ"

"သူများမွေးနေ့ကိုတော့ ဂရုမစိုက်ဖူးပေါ့"

ဟု စကားနာထိုးနေသေးသည်။

"မဟုတ်ပါဘူး ဝတ်ရည်ရယ်၊ အခုလည်း ကိစ္စပြီးတာနဲ့ ကိုယ်အပြေးရောက်လာတာပဲ၊ ကဲ . . . ဘယ်မှာသွားပြီး ဘာစားကြမလဲ"

"တော်ပြီ . . . နောက်ကျနေပြီ၊ ဆာတာနဲ့ ဝတ်ရည်လည်း အိမ်မှာရှိတာနဲ့ စားပြီးပြီ"

စည်သူ သက်ပြင်းချလိုက်သည်။

"ကဲ . . . ဒါဆိုလည်း အေးအေးလူလူ စကားပြောရတာပေါ့၊ ဟက်ပီးဘတ်ဒေးပါ ဟန်နီ"



www.burmeseclassic.com

www.burmeseclassic.com

သူက မွေးနေ့ဆုတောင်းစကား ပြောလိုက်သည်။ မြဝတ်ရည်၏လည်တိုင်တွင် သူမွေးနေ့လက်ဆောင်ပေးထားသော ပလက် တီနမ်ဆွဲကြိုးလေး ဆွဲထားတာ တွေ့ရတော့ သူကြည်နူးသွားသည်။

"ဒီဆွဲကြိုးလေးကို အမြဲဆွဲထားရမယ်နော်"

သူက ပြောတော့ မြဝတ်ရည်က . . .

"ဝတ်ရည်သေပြီးတဲ့ နောက်ဘဝရောက်တဲ့တိုင်အောင် ဆွဲထားမယ်"

စည်သူက အလန့်တကြား မြဝတ်ရည်ပါးစပ်ကို သူ့လက်နဲ့ ပိတ်ကာလိုက်သည်။ သူ့ရင်ထဲက ဒိတ်ကနဲ ဖြစ်သွားပြီး . . .

"နမိတ်မရှိ ဘာမရှိ ဘာလို့ သေစကားပြောရတာလဲ ဝတ်ရည်ရယ်"

မြဝတ်ရည်၏ဆံပင်တွေ ရေစိုနေတာ တွေ့ရသည်။

"ဆံပင်တွေ ဘာလို့ရေစိုနေတာလဲ"

"ခုန ခေါင်းလျှော်ထားလို့ပါ"

"ဒါဆိုရင်လည်း ရေစင်အောင်သုတ်မှပေါ့ ဝတ်ရည်ရယ်၊ ဖျားနာနေဦးမယ်၊ မင်းကြည့်ရတာ တကယ့်ကလေး,လေးလိုပဲ"

ဟု စည်သူက ပြောလိုက်သေးသည်။ ဆက်၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ကတော့ မြန်မြန်လက်ထပ်ချင်ပြီ၊ အဘိုးကိုလည်း အားလုံးဖွင့်ပြောပြထားပြီးပြီ၊ အဘိုးကလည်း မကန့်ကွက်ဘူး၊ မင်း အသက်အရွယ်နဲ့ဆို အိမ်ထောင်ပြုဖို့ ကောင်းနေပြီတဲ့၊ မင်းက အချိန် ဆွဲထားလို့သာ"

မြဝတ်ရည်က သူ့အနုပညာလုပ်ငန်းကို လွတ်လွတ်လပ် လပ်ဘဝဖြင့် လုပ်ကိုင်ချင်သေးသည်။

"အခုလည်း မင်းလုပ်ငန်းမှာ အောင်မြင်နေပြီပဲ၊ ကိုယ်နဲ့ အိမ်ထောင်ကျပြီးရင်လည်း မင်းလုပ်ချင်တဲ့ အနုပညာအလုပ်တွေ ဆက်လုပ်နိုင်တာပဲဟာ"

"ဒီနေ့တော့ ဝတ်ရည် ခေါင်းနည်းနည်းရှုပ်နေတယ်၊ နောက် ရက်တွေကျမှ ဒီကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးရအောင်နော်"

သူ လက်ခံလိုက်သည်။ မြဝတ်ရည်က စန္ဒယားဆီသွားကာ သူနောက်ဆုံးရေးခဲ့သည့် သီချင်းလေးတစ်ပုဒ်ကို ဆိုတီးပြနေ၏။ သီချင်းသံအေးအေးက အခန်းထဲတွင် စန္ဒယားသံနှင့်အတူ ငြိမ့်ငြိမ့် ညောင်းညောင်း ပြန့်လွင့်နေ၏။ သီချင်းနာမည်က . . .

"ဘဝခြားလည်း ချစ်နေမှာပဲ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

* * * *

## (၅) ဆေးရုံမှာ အခြောက်ခံရခြင်း

နောက်နေ့တွင် သူ့အခန်းကို သပ်ရပ်သားနားစွာ ဝတ်ဆင်ထားသော အသက် ၅၀ အရွယ်ခန့်ရှိ လူကြီးတစ်ဦးရောက်လာသည်။ သူက သူ့ကိုယ်သူ မိတ်ဆက်ပေး၏။ ဒီလူကို တစ်ခါမှ မမြင်ဘူး။ သို့သော် တစ်ခါတစ်ရံတွင် အမှုအပ်လိုသူတွေက သီးသီးသန့်သန့် လွတ်လွတ်လပ်လပ် တွေ့ဆုံနိုင်ရန် ဘားလမ်းရှိ သူ့ရုံးခန်းသို့မလာ ဘဲ အိမ်ကိုရောက်လာကာမျိုး ရှိတတ်သဖြင့် သူက သိပ်တော့ အံ့သြ မနေ။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က စည်သူပါ၊ ဘာများ အကူအညီပေးရမလဲ ခင်ဗျာ"

"ဦးနာမည်က ရဲရင့်တဲ့၊ ရွှေစံချိန်ဆောက်လုပ်ရေးကုမ္ပဏီ ပိုင်ရှင်ပါ"

စည်သူက ခေါင်းညိတ်ကာ လက်ခံကြောင်းပြသလိုက်သည်။ တကယ်တော့ ဦးရဲရင့်ကို လူမမြင်ဘူးသော်လည်း နာမည်တော့ ကြားဖူးသည်။ ရန်ကုန်မြို့ရှိ နာမည်ကြီးဆောက်လုပ်ရေးလုပ်ငန်းကြီး များအနက် Top Ten စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည်။ ဒီလို ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ မြေကိစ္စ၊ အခန်းအရောင်းအဝယ် ကိစ္စ စသဖြင့် အမှုအခင်းတွေ ဖြစ်တာများသည်။ သူ့ အရင်ကလည်း ကိုင်တွယ်ဖူး၏။

"မနေ့ညက ဦးသမီးကို မောင်ရင်က ဆေးရုံလိုက်ပို့ခဲ့တယ် ဆိုလို့ ကျေးဇူးတင်စကားလည်း ပြောရင်း"

ဒီတော့မှ လာရင်းကိစ္စကို သဘောပေါက်သွား၏။ သူမျှော်လင့်နေသလို အမှုအပ်မယ့်လူမှ မဟုတ်ဘဲ။ ဘာပဲဖြစ်ဖြစ် လက်ခံ စကားတော့ ပြောရတော့မည်။

"တကူးတကန့်တော့ မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်လည်း လမ်းကြုံလို့ ကူညီခဲ့တာပါ"


www.burmeseclassic.com

ဦးရဲရင့်က ခေါင်းညိတ်ပြရင်း . . .

"ဦးရဲ့သမီးက တစ်ဦးတည်းသော သမီးပါ၊ ဒါပေမယ့် လွန်ခဲ့တဲ့သုံးနှစ်ကတည်းက ဦးနောက်အိမ်ထောင်ပြုတာနဲ့ ပတ်သက်ပြီး သဘောမကျလို့ အိမ်က ဆင်းသွားတယ်၊ သူ့ဖာသာ တိုက်ခန်းတစ် ခန်း သွားငှားနေတယ်၊ ဒါပေမယ့် သမီး အခုလိုဖြစ်တယ်ဆိုတော့ ဦးပဲ စိတ်ပူရတာပဲ"

"မိဘမေတ္တာဆိုတော့ ဒီလိုပါပဲ ခင်ဗျာ"

"သူက ဦးနဲ့ ကောင်းကောင်းစကားမပြောဘူး၊ တစ်ခြားသူတွေကိုလည်း ကောင်းကောင်းစကားမပြောဘူး၊ မောငရင့်ကိုတော့ ပြောလိမ့်မယ်ထင်တယ်"

"မနေ့ညက သူသတိရတော့ နှုတ်ဆက်ပြီး ပြန်လာခဲ့တာပါပဲ၊ သူ့မှာ သိပ်ကြီးကြီးကျယ်ကျယ် ထိခိုက်ဒဏ်ရာရတာမျိုးလည်း မတွေ့ရပါဘူး"

"ခန္ဓာကိုယ်မှ ဒဏ်ရာမရပေမယ့် စိတ်ဒဏ်ရာရနေတယ်၊ ကျုပ်နဲ့ မပြေလည်ရတဲ့အထဲ ခုလို မတော်တဆမှုက ဖြစ်တော့ ဂယောင်ခြောက်ခြားဖြစ်သွားတယ်နဲ့ တူတယ်၊ ကျုပ် မနေ့က ရောက် သွားတုန်း တွေ့ရတာကတော့ ပုံမှန်မဟုတ်သလိုပဲ"

"ဒါကတော့ ကျွန်တော်တို့လို ရှေ့နေတွေနဲ့ သိပ်မဆိုင်ပါဘူး၊ ဦးအနေနဲ့ စိတ်ရောဂါကုဆရာဝန်တစ်ယောက်ဆီ

www.burmeseclassic.com

www.burmeseclassic.com

သွားအကူ အညီတောင်းတာက ပိုကောင်းမယ်ထင်ပါတယ်၊ ကျွန်တော်က ရှေ့နေ ပါ”

ဦးရဲရင့်က ခေါင်းရမ်းလိုက်ကာ . .

“မောင်စည်သူ မေ့နေပြီထင်တယ်၊ သူက ကားတိုက်မှုဖြစ်ခဲ့တယ်လေ၊ ဒီအမှုအတွက် အရေးယူခံရမှာပဲ၊ ဒီတော့ ဒီအမှုကို ဆက်ကိုင်တွယ်ပေးဖို့ မင်းကို အမှုအပ်ချင်တယ်”

စည်သူက တစ်ချက်တွေဝေသွားသည်။ ဒီလိုအမှုမျိုးကို သူက လိုက်လေ့မရှိ။ သို့သော် ရှေ့နေဆိုတာက ဆရာဝန်များလူနာ ကို ငြင်းခွင့်မရှိသလို၊ အမှုသည်ကို ငြင်းခွင့်မရှိ။

ပြီးတော့ ကေသီဆိုတဲ့ ကောင်မလေးကို သူသွေးရိုးသားရိုး စိတ်ဝင်စားနေသည်။ မြင်တာနဲ့ အထီးကျန်ဆန်သူကလေးမှန်း သိ၏။ သူကလည်း အထီးကျန်ဘဝဖြင့် နှစ်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ သူဆိုတော့ စာနာမိသည်။ ဦးရဲရင့်က . . .

“ကျေးဇူးတင်ပါတယ်၊ အချိန်ရရင် ကေသီကို ဆေးရုံမှာ သွားကြည့်ပြီး မေးမြန်းကြည့်စေချင်တယ်၊ မင်းဆိုရင်တော့ သူစကား ကောင်းကောင်း ပြောလိမ့်မယ်ထင်ပါတယ်”

* * * *



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကေသီသည် အလွယ်တကူ ရွံ့ကြောက်တတ်သူ မဟုတ်ချေ။ ဒါကြောင့်ပင် အဖေဖြစ်သူ တားမြစ်နေသည့်အကြား မှ အင်းလျားလမ်းရှိ နှစ်ထပ်တိုက်မှ ဆင်းလာခဲ့ကာ ရှစ်မိုင်တွင် ကွန်ဒိုတိုက်ခန်းတစ်ခန်းကို တစ်ယောက်တည်း ငှားရမ်းနေထိုင်ခဲ့ ခြင်း ဖြစ်သည်။

ကွန်ဒိုတိုက်ခန်းဆိုတာက သာမန်တိုက်ခန်းတွေနှင့်မတူ။ ကျယ်ဝန်းသပ်ရပ်ခမ်းနားသည်။ ဒီတော့ ကိုယ့်အိမ်တွင် နေရတာနဲ့ မထူး။ ဒီလို တိတ်ဆိတ်ကျယ်ဝန်းသော နေရာတွင် နေခဲ့သူတစ်ဦး က ယခုလို ထိတ်လန့်ခြောက်ခြားစရာနှင့် ကြုံရသောအခါ တစ်ခြား သူများလိုပင် တုန်လှုပ်မိကြောင်း ရှက်ရှက်နှင့် ဝန်ခံရမည်။

ဆေးရုံအိမ်သာက အတော်ပင် သန့်ရှင်းသပ်ရပ်ပါသည်။ ဒါကြောင့် သူလက်ဆေးကြွေဇလုံရှေ့ရပ်ကာ လက်တွေကို တံတောင် ဆစ်မှစ,ကာ သန့်ရှင်းအောင် ဆေးကြောနေမိ၏။

ဆေးကြောနေရင်း စိတ်က မလုံမလဲဖြစ်လာ၏။ မိမိအနားတွင် တစ်စုံတစ်ယောက်ရှိနေသလို ခံစားမှုမျိုး။ ပြီးတော့ ကျောရိုး ထဲတွင် စိမ့်ကနဲဖြစ်ကာ ကြက်သီးဖြန်းဖြန်းထ,လာသည်။ သူကြားဖူး တဲ့ စကားအရတော့ နာနာဘာဝ၊ ဝိနာဘာဝ ဟုဆိုကြသည်။ ပရ လောကသားတွေ


www.burmeseclassic.com

အနားရောက်လာလျှင် သာမန်လူတို့ ဤကဲ့သို့ တုန့်ပြန်တတ်သည်ဆိုသော စကားပင်။ ဒါကြောင့် သူ့အနားတွင် သရဲတစ္ဆေတစ်ကောင်ကောင် ရောက်နေသလား တွေးမိသည်။ ဖြစ် နိုင်ပါသည်။ ဆေးရုံဆိုတာက မကြာခဏ လူတွေသေတတ်သော နေရာပင်။ တစ်ချို့ သေသူတွေက စွဲလမ်းကာ မကျွတ်ဘဲ ရှိတတ် သည်။ ဆေးရုံနဲ့ပတ်သက်တဲ့ တစ္ဆေသရဲဇာတ်လမ်းတွေ သူကြားဖူး လှပြီ။

အခုလည်း သူ့နောက်မှာ တစ်စုံတစ်ယောက် ရောက်နေသလိုပဲ။ ပြီးတော့ သူ ရှူရှိုက်မိတာက ပုတ်အဲ့အဲ့အော်ဂလီဆန်ချင် စရာကောင်းလှသည့် အနံ့မျိုး။ ကြွက်သေပုတ်စော် အို . . . ဘယ်လို သတ္တဝါမျိုးပဲဖြစ်ဖြစ် သေရင် ပုတ်ကြတာပဲ။ အဲဒီက ထွက်လာတဲ့ အပုတ်နံ့မျိုး။ အပုတ်နံ့က ပိုပြီး နံသထက်နံလာတယ်။ သူ့နောက် ကနေ တဖြည်းဖြည်း ပိုနီးကပ်လာသလိုပဲ။

လူ့စိတ်ဆိုတာကလည်း အခက်သား။ ကြောက်လန့်နေလျက်ကပဲ စူးစမ်းချင်စိတ်ကလည်း ရှိသေးတယ်။ ဘာပဲဖြစ်ဖြစ် မလွတ်မယ့်အတူတူ လာမယ့်ဘေးပြေးတွေ့မယ်ဆိုတဲ့ သဘော။ ကိုယ့်ကိုယ်ကို ရဲဆေးတင်ပြီး ကေသီက ဖြုန်းကနဲ နောက်ကိုလှည့် ကြည့်လိုက်ပါတယ်။ သူမျှော်လင့်ထားတာက



www.burmeseclassic.com

www.burmeseclassic.com

သူ့နောက်မှာ ဆံပင် ရှည်ဖါးလျားချထားတဲ့ ရုပ်ပျက်ဆင်းပျက် သရဲမတစ်ကောင်လို့ ထင် ထားပေမယ့် . . .

တကယ်တော့ သူ့နောက်မှာ ဘာမှမရှိပါဘူး။ အိမ်သာ အခန်းထဲမှာ သူကလွဲလို့ ဘယ်သူမှ မရှိပါဘူး။ အားလုံးတိတ်ဆိတ် ခြောက်သွေ့နေလိုက်တာက အပ်ကျတာတောင် ကြားရလုမတတ်ဘဲ။ သူအကြောက်လွန်နေတာ သူ့ဖာသာတစ်ကိုယ်တည်း စိတ်ခြောက် ခြားနေတာလို့တွေးပြီး သူ့ရှေ့က မှန်ဘက်ကို ပြန်လှည့်လိုက်တယ်။

အဲဒီမှာ သူတွေ့လိုက်ရတာက မှန်ထဲမှာရပ်ပြီး သူ့ကို နီရဲတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်နေတဲ့ သရဲမတစ်ကောင်။ သူ့ဆံပင်ရှည် တွေက မှန်ထဲမှာ လေမတိုက်ဘဲနဲ့ နောက်ကို ဝဲလွင့်နေတယ်။ မျက်နှာ မှာသာမက တစ်ကိုယ်လုံးက ပေပေတူးတူး။ ရေနံတွေ လူးထားသလို ခန္ဓာကိုယ်ပေါ်မှာ အမဲရောင်အရိအရွဲတွေက လူးကပ်နေသည်။ အဝတ်အစားတွေက မြေကြီးထဲက ထ,လာသလို ဆွေးမြေ့ပေါက်ပြဲ နေ၏။ ကြောက်လန့်တကြားဖြစ်ကာ ကေသီက နောက်ပြန်ဆုတ် လိုက်မိ၏။ သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com

မှန်ထဲက သူ့ဆီ ဆန့်တန်းလိုက်သည့် သရဲမ၏ ပိန်ပိန် သွယ်သွယ်၊ အရိုးပေါ်အရေတင်လက်တွေက မှန်ကို သဘာဝမကျ စွာ ဖောက်ထွက်ကာ သူ့ဆီသို့ ရွေ့လျားနီးကပ်လာ၏။ သရဲမ၏ ညစ်ပေနေသော လက်သည်းချွန်ချွန်များမှာ သူ့မျက်နှာနှင့် နီးကပ် သထက် နီးကပ်လာရာ၊ သူ့လည်ပင်းကို ဆုပ်ကိုင်လိုက်လျှင်ပင် ရနိုင် သည့် အနေအထားရောက်နေသည်။ ကေသီက နောက်ဆုတ်သော် လည်း ဆုတ်မရ။ အကြောက်လွန်သောကြောင့် သူ့အသွေးအသား တွေ အလုပ်လုပ်မရအောင် ရပ်ဆိုင်းသွားပြီ ထင်ရ၏။ သူ့ခြေထောက် တွေ လှုပ်မရတော့။ အားကိုးစရာ အသံသာ ကျန်တော့၏။ သူက အသံကုန်ဟစ်ကာ အကူအညီတောင်းလိုက်၏။ သို့သော် အသံက လည်ချောင်းဝတွင်ပင် တိမ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။

* * * *

"ကေသီ . . . ကေသီ"



www.burmeseclassic.com

သူ့နာမည်ကို ခေါ်သံကြားရသည်။ အသံက အဝေးကြီးမှ လာသော လှိုင်ခေါင်းတစ်ခုကို ဖြတ်သန်းလာရသည့် အသံမျိုးဖြစ်၏။ သူ့ကို ဘယ်သူခေါ်နေတာလဲ၊ ဘယ်က ခေါ်နေတာလဲ။ ကေသီ က မျက်လုံးဖွင့်ကြည့်ဖို့ ကြိုးစားသည်။ သို့သော် သူ့မျက်ခွံတွေက ပင့်၍မရ။ လေးလံလွန်းလှသည်။

"ကေသီ . . . ကေသီ . . ."

သူ့ခန္ဓာကိုယ်ကိုကိုင်ကာ တစ်စုံတစ်ယောက်လှုပ်နှိုးနေတာ သိရသည်။ သူနှင့် ကောင်းစွာမရင်းနှီးလှသည့် ယောကျ်ားသံတစ်သံ။ သူ ပင်ပင်ပန်းပန်းအားယူကာ မျက်ခွံတွေကို ပင့်တင်ရန် ကြိုးစား သည်။ ဒီတစ်ခါတော့ အောင်မြင်သွားသည်။ သူ့မျက်လုံးတွေ ပွင့် သွားတော့ သူ့ကို စိုးရိမ်တကြီးမျက်နှာဖြင့် စီးမိုးကြည့်နေသော ယောကျ်ားတစ်ဦး၏မျက်နှာကို စတင်တွေ့ရ၏။

"မင်း သတိရလာပြီလား"

သူ့အသံက ကြင်နာသံစွက်ထားသော စိုးရိမ်ပူပန်သည့် အသံ။ သူက ခေါင်းသာညိတ်ပြနိုင်သည်။ စကားပြောနိုင်ဖို့ အားယူ ရဆဲ။ သူ့နှလုံးတွေက တဒိတ်ဒိတ် လှုပ်ခုန်နေရာ၊ နှလုံးခုန်သံကိုပင် ကြားရမတတ်ရှိ၏။ ထိုသူက . . .

"မင်း အိပ်မက်ဆိုးတွေ မက်နေတယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်။ အိပ်မက်ဆိုးပါပဲ။ ဒီလူကသာ သူ့နာမည်ကို ခေါ်မနှိုးလျှင် သူဘယ်လောက်ကြာအောင် ဤဆိုးရွားလှသည့် ကြောက်စရာအိပ်မက်ဝင်္ကပါထဲတွင် ပိတ်မိနေမည်မသိ။

"ငါဝင်လာတော့ ကုတင်ပေါ်မှာ မင်းတလူးလူး၊ တလိမ့်လိမ့်နဲ့ ငြီးငြူနေတာ တွေ့ရတယ်၊ ဒါကြောင့် ငါနှိုးလိုက်တာ"

"ကျေးဇူးတင်ပါတယ်"

ကေသီ ကောင်းစွာဆက်စပ်မိသွားသည်။ သက ဆေးရုံကုတင်ပေါ်မှာပင် ရှိသေးသည်။ မနေ့ညက သူကားတိုက်မှုဖြစ်ခဲ့သည်။ သူ့ကို ဒီလူကပင် ဤဆေးရုံသို့ လိုက်ပို့ပေးခဲ့ခြင်းဖြစ်သည်။ ဒီလူက နှုတ်ဆက်ကာ ပြန်ကာနီးတွင် သူ့ visiting ကဒ်ကလေး ပေးခဲ့သဖြင့် ဒီလူ့ကို ရွှေ့နေတစ်ဦးမှန်း သိလိုက်ရသည်။

"မင်းနဲ့ကိုယ်နဲ့ စကားပြောစရာတွေ ရှိတယ်"

စည်သူက ပြောလိုက်သော်လည်း ကေသီက . . .

"ရှင် ညက ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မ ရှင်နဲ့ စကားပြောစရာ ကိစ္စမရှိဘူးထင်ပါတယ်၊ ကျွန်မ ရှင်နဲ့ သာ မဟုတ်ဘူး၊ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး"

ဟု ငြင်းဆိုသည်။ သို့သော် စည်သူက . . .


www.burmeseclassic.com

www.burmeseclassic.com

"မနေ့က မင်းအဖေ အိမ်ကိုလာပြီး မင်းအမှုကို ကိုင်တွယ်ပေးဖို့ ငါ့ကို အပ်ခဲ့တယ်၊ အခု မင်းနဲ့ငါပတ်သက်မှုက ရှေ့နေနဲ့ အမှုသည် ပတ်သက်မှုမျိုးပဲ၊ မင်းက ငါမေးတာတွေကို မဖြေဘူးဆို ရင် မင်းကို ငါလည်း ကူညီနိုင်မှာ မဟုတ်ဘူး"

ကေသီက ခေါင်းရမ်းလိုက်ကာ . . .

"ကျွန်မကို ဘယ်သူမှ ကူညီနိုင်မယ် မထင်ဘူး၊ တကယ်လို့ ကျွန်မပြောရင်လည်း ကျွန်မစကားကို ယုံကြည်တဲ့သူ ရှိမှာမဟုတ်ဘူး"

"ငါကတော့ ယုံနိုင်ပါတယ်"

BURMESE CLASSIC .com

သူ့စကားကြောင့် ကေသီက သူ့ကို စူးစမ်းသော မျက်လုံးတွေနဲ့ ကြည့်လိုက်၏။ စည်သူက တည်ငြိမ်အေးချမ်းသော လေသံ ဖြင့် . . .

"မင်း အခုတလော ထူးထူးဆန်းဆန်းကိစ္စတွေနဲ ရင်ဆိုင်နေရတယ် မဟုတ်လား"

ကေသီက အံ့သြစွာ ပြန်မေးလိုက်သည်။

"ရှင် . . . ဘယ်လိုလုပ်သိသလဲ"

"ကားတိုက်ကာနီးတုန်းက ငါ့ကားဘေးက ဖြတ်မောင်းပြီး ကျော်တက်သွားတဲ့ မင်းမောင်းနေတဲ့ကားကို ငါမြင်လိုက်ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ဘာတွေမြင်လိုက်ရတာလဲ"

"ကားထဲမှာ မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ မင်းဘေးမှာ သရဲမတစ်ကောင်ထိုင်နေတာ ငါတွေ့လိုက်ရတယ်"

ကေသီ မျက်လုံးပြူးသွားသည်။ ဒီလူနဲ့ စကားပြောဖို့ ဆုံးဖြတ်လိုက်သည်။

"ရှင် . . . ကျွန်မကို ကူညီနိုင်ပါလိမ့်မယ်"

* * * *

## (၆) အချိန်မတော်ခေါ်တဲ့ ဖုန်း

အဲဒီနေ့မှာပင် ကေသီကို ဆေးရုံက ဆင်းခွင့်ပြုသည်။ သူ့တွင် ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရမှုမရှိ။ စည်သူက



www.burmeseclassic.com

ကေသီနေ ထိုင်ရာ အင်းလျားလမ်းဘက်ရှိ ကွန်ဒိုတိုက်ခန်းကို လိုက်ပို့ပေးခဲ့ သည်။ လောလောဆယ် ကေသီကို ကားမမောင်းစေချင်။ သူ့ကား ကလည်း အတော်ပင် ပျက်စီးသွားကာ သက်ဆိုင်ရာရဲဌာနက လတ် တလောတွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထား၏။

ကေသီတိုက်ခန်းမှာ အတော်ပင် ကျယ်ဝန်းကာ ကောင်း မွန်တန်ဘိုးကြီးသော ပရိဘောဂများဖြင့် ပြည့်နှက်နေ၏။

"ရှင် ထိုင်ပါဦးလား၊ တစ်ခုခုသောက်မလား"

ရေခဲသေတ္တာထဲမှာရှိသော ကိုကာကိုလာ သံဗူးတစ်ဗူးကို ဖောက်ကာ ဖန်ခွက်နှင့် ထည့်ပေး၏။ ကေသီကိုယ်တိုင်ကတော့ သံဗူးအတိုင်းဖွင့်ကာ မော့သောက်နေ၏။ သူ့အသက်က ခန့်မှန်းရ သည်မှာ ၂၅ နှစ်ထက် ကြီးပုံမရ။ နှာတန်ပေါ်ပေါ်၊ နှုတ်ခမ်းရဲရဲ၊ မျက်တောင်ကော့ကော့နှင့် မျက်ဝန်းနက်နက်၊ ဂုတ်ပေါ်ဝဲနေသော ကောက်ထားသည့် ဆံပင်တို၊ ခေတ်ပေါ်အဝတ်အစားအသွင်အပြင် နှင့် ဘယလိုပဲကြည့်ကြည့် ကေသီသည် ချစ်စရာ၊ စွဲမက်စရာ ကောင် မလေးတစ်ယောက်ဖြစ်နေတာတော့ အမှန်ပင်။

အခုလောလောဆယ်တွင်မူ တွေ့ကြုံခဲ့ရသော စိတ်ရှုတ် ထွေးနောက်ကျိဖွယ်ရာကိစ္စများကြောင့် သူ့မျက်နှာလေးက



www.burmeseclassic.com

www.burmeseclassic.com

ရေဖြင့် ဝေးသော ကြာပန်းကလေးကဲ့သို့ ညှိုးနွမ်းနေလေသည်။ ဒါကပင် တစ်မျိုးကြည့်ကောင်းနေသည်ဟု ထင်စရာရှိသည်။

"မင်း ကားမတော်တဆမှုဖြစ်တုန်းက မင်းဘေးမှာပါလာ တဲ့ သရဲမက မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"

စည်သူက မေးလိုက်တာကို ပြတင်းကို အဓိပ္ပာယ်မဲ့ ငေး ကြည့်နေသော ကေသီက ခေါင်းရမ်းပြဖြေလိုက်၏။

"ကွယ်လွန်သွားတဲ့ မင်းသူငယ်ချင်း သို့မဟုတ် ဆွေမျိုး တစ်ယောက်ယောက်လား"

"မဟုတ်ဘူး . . . သူနဲ့ ဘာပတ်သက်မှုမှ မရှိဘူး၊ ပြီးတော့ သူ့ကို သိလည်း မသိဘူး"

"ဒါဆို ဒီအခန်းမှာ အရင်က နေခဲ့တဲ့ အခန်းပိုင်ရှင်လား၊ သူက သေပြီးတော့ စွဲလန်းမှုနဲ့ သူ့အခန်းက မခွာနိုင်ဖြစ်နေတာ"

ကေသီက နွမ်းလျစွာ ပြုံးလိုက်ကာ . . .

"အဲဒါက ပိုမဖြစ်နိုင်သေးတယ်၊ ဒီအခန်းကို ဆောက်ပြီးစ မှာပဲ ကျွန်မက ငှားလိုက်တာ၊ အသစ်စက်စက် ဘယ်သူမှ မနေရ သေးတဲ့ အခန်းပါ"

"သူ့ကို မင်းဘယ်တုန်းက စမြင်ခဲ့တာလဲ"

"ဘယ်သူလဲ"

မသဲကွဲဟန်ဖြင့် ကေသီက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ သရဲမကို"

"သိပ်တော့ သေသေချာချာ မသိဘူး၊ ကျွန်မ သတိထားမိတာက ကျွန်မသငယ်ချင်းစိုးပပရဲ့ မင်္ဂလာဆောင်က ပြန်လာပြီးတဲ့ နေ့က စတွေ့တယ် ထင်တာပဲ၊ အင်း . . . သုံးလလောက်ရှိပြီ"

"အမြဲတမ်း တွေ့နေတာလား"

"အမြဲတမ်းတော့လည်း မဟုတ်ဘူး၊ တစ်ခါတစ်ရံ နှစ်ရက်သုံးရက်ဆက်တွေ့တယ်၊ တစ်ခါတစ်လေတော့လည်း တစ်ပတ်လောက် မတွေ့ရရင် မတွေ့ရဘူး"

စည်သူက သေသေချာချာ စဉ်းစားသည်။

"ဒီကိစ္စက သက်သေပြဖို့ တော်တော်ခက်နေတယ်၊ ဒီကားပေါ်မှာ သရဲတစ်ကောင်ပါလာတယ်ဆိုတာကို ဘယ်တရားသူကြီးက မှ ယုံမှာမဟုတ်ဘူး၊ တို့ဘက်ကလည်း အဲဒါကို သက်သေပြနိုင်မှ မင်းရဲ့အမှုက ပေါ့မှာ"

"သိတယ်လေ . . . ဒါကြောင့် ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောတာ၊ အခုတောင် ရှင်ကိုယ်တိုင်က သရဲကို တွေ့လိုက်ပါတယ် ဖွင့်ပြောလာလို့၊ ကျွန်မကြုံခဲ့တာတွေ ပြန်ပြောပြတာ၊ နို့မို့ဆိုရင် အရူး ဆိုပြီး ကျွန်မကို စိတ်ရောဂါကုဆေးရုံ ပို့လိုက်ကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်း အဲဒီမှာ ခဏသွားနေရရင်လည်း ကောင်းတာပဲ"

"ဘာ . . . ဘယ်လို၊ ရှင်ဘာပြောလိုက်တာလဲ"

ကောင်မလေးက ဒေါသတကြီးမေးသည်။ စည်သူက ပြုံးကာ . . .

"မင်းကို ရှုးနေတယ်စွပ်စွဲတာ မဟုတ်ပါဘူး၊ မင်းအဲဒီမှာ သုံးလလောက် သွားနေရင် အမှုကို တော်တော်အထောက်အကူဖြစ် မှာပဲ၊ ပြီးတော့ ဒီနေရာက ခဏရှောင်နေစေချင်တဲ့ သဘောလည်း ပါတယ်"

"ကျွန်မ ကြိုးစားပြီးပြီ၊ မထူးဘူး၊ အိမ်မှာ ခြောကလို့ ဟော်တယ်မှာ သွားနေတယ်၊ ဟော်တယ်မှာလည်း ခြောက်တာပဲ၊ ဆေးရုံ မှာတောင် အခြောက်လှန့်ခံနေရတယ်၊ ဒီတော့ နေရာပြောင်းနေတာ မထူးဘူးထင်ပါတယ်"

သူ့စကားက ပိုလျော်ကန်နေသဖြင့် စည်သူလက်ခံလိုက်ပါသည်။

ထိုနေ့က ညနေစောင်းမှ သူ့ချစ်သူမြဝတ်ရည်တိုက်ခန်းသို့ စည်သူရောက်ရှိသွားသည်။ မြဝတ်ရည်က ဆီးကြိုအပြစ်တင်သည်။

"တစ်နေ့လုံး ဖုန်းကလေးတစ်ချက်တောင် ဆက်ဖော်မရဘူး၊ ကိုစည် ဘာတွေဖြစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

“ဝတ်ရည် အပြစ်တင်ရင်လည်း ခံရတော့မှာပဲ၊ ကိုယ်အမှု တစ်ခု လက်ခံလိုက်တယ်၊ အဲဒါနဲ့ပတ်သက်ပြီး ရှုတ်ထွေးနေတာ”

ကေသီကို အာမခံရရေးအတွက် ရဲဌာနသွားကာ ဆောင်ရွက်နေရသေးသည်။ ပြီးတော့ သူ့ခေါင်းထဲမှာ ဝင်ရောက်နေတာက ကေသီဆီ မကြာခဏ ရောက်လာတတ်သော သရဲမ။ သူက ဘယ်သူလဲ။ ဘာကိုအလိုရှိနေတာလဲ။ ဘာကြောင့် ခဏခဏရောက် လာနေရတာလဲ။ သူ ခေတ္တမျှ ငိုင်တွေစဉ်းစားနေမိသည်။ မြဝတ်ရည် က . . .

“ဟောရှင့် . . . ကိုစည် လူတစ်ယောက်လုံးရှေ့မှာထားပြီး မေ့လျော့နေသလား၊ ဘာတွေများ ဒီလောက်စဉ်းစားရတာလဲ”

ဒီတော့မှ စည်သူ သတိတရားဝင်လာ၏။

“အမှုသွား၊ အမှုလာအကြောင်း စဉ်းစားနေလို့ပါ၊ ဒါက တော်တော်လျှောက်လွှဲရခက်မယ့် အမှုပဲ ဝတ်ရည်”

သူက မြဝတ်ရည်ကို ပြောပြမည်ပြုပြီးမှ ပြန်လည်မျိုသိပ်လိုက်သည်။ ဒီအကြောင်းတွေပြောရင် မြဝတ်ရည်က ယုံပါ့မလား။ သူသိရသလောက်တော့ မြဝတ်ရည်က တစ္ဆေသရဲဆိုတာတွေကို လုံးဝအယုံအကြည်ရှိသူ မဟုတ်။ သူ့ကို သက်သက်အကွက်ဆင် ဖန်တီးနေတာဟုပင် အထင်ရောက်နေလိမ့်မည်။ ဒီတော့ တခြား စကားလွှဲပြောင်းကာ

www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်ရသည်။ ချစ်သူချင်း အခုလိုဆုံတဲ့ အခါ အလုပ်ကိစ္စကို တွေးတောမနေချင်။ လွတ်လွတ်လပလပ်၊ ပေါ့ ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင်နေရတာ ပိုကောင်းသည်။ မြဝတ်ရည် က အိမ်မှာပင် သူ့ကို ညစာချက်ကျွေးဖို့ ပြင်သည်။

"ကိုယ် ဘာကူညီရမလဲ"

"ငြိမ်ငြိမ်လေး ထိုင်ကြည့်နေရင်ရပြီ"

* * * *

ကေသီက ရေချိုးကွေကန်ထဲမှာ တော်တော်ကြာအောင် ပင် ရေနွေးနွေးဖြင့်စိမ်ကာ ချိုးပစ်လိုက်သည်။ အကြောအချဉ်တွေ တော်တော်ပင် လျှော့သွား၏။ လူကို လန်းဆန်းသွားတော့ စိတ်ကပါ လန်းဆန်းလာသည်။ သူ ဆေးရုံက ပြန်ရောက်တော့ အဖေက ဖုန်း ဆက်သေးသည်။ လောလောဆယ် တစ်ယောက်တည်းမနေဘဲ အင်း လျားတိုက်မှာ ခဏဖြစ်ဖြစ် ပြန်လာနေဖို့။ သို့သော် ကေသီက ငြင်း လိုက်၏။ သူက မထွေးဖြစ်သူနှင့် မျက်နှာချင်းမဆိုင်ချင်။ သူ့အဖေ နောက်အိမ်ထောင်ပြုတာကို သူကန့်ကွက်စရာမရှိ။ တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့ စကားရှိသည်။ သို့သော် အဖေလက်ထပ်ယူခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

သူက စားသောက်ဆိုင်ကြီးတစ်ခုမှ အဆိုတော်ဖြစ်ကာ သူ့ထက် (၅) နှစ်သာ ကြီးတယ်ဆိုတာကိုတော့ လက်မခံချင်။ ပြီးတော ဒီမိန်းမ က သူ့အဖေကို ဘာကြောင့်လက်ထပ်ခဲ့သလဲဆိုတဲ့ ရည်ရွယ်ချက်က လည်း ပြောမပြသည့်တိုင်အောင် အားလုံးက သိ၍နေသည်မဟုတ် လား။ ဒီတော့ သူနှင့် တွဲသွားရမှာ၊ အသိမိတ်ဆွေတွေနှင့် ရင်ဆိုင် ရမှာကို ကေသီတော့ လိပ်ပြာမသန့်။

ကေသီက အလှပြင်စားပွဲမှာ ဝင်ထိုင်လိုက်သည်။ ကြွယ်ဝ ချမ်းသာသူပီပီ စားပွဲခုံပေါ်တွင် အလှပြင်ပစ္စည်းတွေ အပြည့်အစုံ။ မိတ်ကပ်အမျိုးမျိုး၊ နှုတ်ခမ်းနီရောင်စုံ၊ လက်သည်းဆိုးဆေးရောင်စုံ။ ပြီးတော့ ကပ်လျက်ဘီရိုထဲမှာတော့ ဆွဲကြိုး၊ လက်ကောက်လို ဖန်စီ ဝတ်ပစ္စည်းများ၊ ပြီးတော့ ဆံပင်တုအမျိုးမျိုး။ ဆံပင်တုတွေက တစ်ခါ တည်းအပြီး ထုံးဖွဲ့ပြီးသားပင်။ အသုံးပြုချင်လျှင် အလိုက်သင့်ယူကာ ခေါင်းမှာ စွတ်လိုက်ရုံသာရှိ၏။ ကေသီက ဆံပင်ရှည်မထားချင်။ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး၊ လူငယ်ပီပီ ဆံပင်တိုလေးနှင့်သာ နေတတ်သည်။ သို့သော် အလှူပွဲလမ်းသဘင်ရှိလျှင်တော့ တစ် ချို့ပွဲတွေက ဆံပင်တိုနှင့် တက်ရောက်၍မတင်တယ်။ ဒီလိုပွဲမျိုးဆို လျှင် လိုက်လျောသည့် ဆံပင်တုပုံစံကို



www.burmeseclassic.com

www.burmeseclassic.com

သုံးရလေ့ရှိသည်။ ဒီတော့ အသင့်အသုံးပြုနိုင်သော ဆံပင်တုတွေ ကေသီဝယ်ထားရာ၊ တစ ထက်တစ များ၍လာသည်။ ယခုတော့ ငါးခုတောင် ရှိနေသည်။

ဒီနေ့တော့ သူ စောစောအနားယူအိပ်စက်မည်ဟု စိတ်ကူးကာ အိပ်ရာထက်ဝင်ကာ လှဲနေလိုက်သည်။ သူ စိတ်ရောကိုယ်ပါ အနားယူသင့်တယ်ဟု ဆေးရုံက ဆရာဝန်ကြီးကလည်း သတိပေး လိုက်၏။ သန့်ရှင်းအိညက်သော စပရင်မွေ့ယာထဲမှာ သူ့ကိုယ်တစ်ဝက်က နစ်မြုတ်နေသည်။ သူက ခပ်ပါးပါးဂွမ်းစောင်တစ်ထည်ကို ရင်ခေါင်းအထိဆွဲကာ ခြုံလိုက်၏။ နွေးထွေးမှုက သူ့ကို ချော့မြူ သိပ်နေသကဲ့သို့ ရှိသည်။ မကြာခင်မှာပင် ကေသီ၏မျက်ခွံတွေက မှေးစင်းလာ၏။ သူက မှေးကနဲ အိပ်ပျော်တော့မည့်ဆဲဆဲ . . .။

သူ့ကုတင်ဘေးက ဖြတ်လျှောက်သွားသော တဖျပ်ဖျပ် ခြေသံကို ကြားလိုက်ရသည်။ ဆတ်ကနဲ ခေါင်းထောင်ထ,ကာ ကြည့် လိုက်၏။ ကြောင်တစ်ကောင် သို့မဟုတ် ကြက်တစ်ကောင် ဖြတ်ပြေး သွားတာနှင့် လုံးဝမတူ။ ပြီးတော့ သူ့တိုက်ခန်းမှာ ကြောင်လည်း မရှိ။ ကြွက်လည်း မရှိ။ သူ ထ,ကြည့်တော့ ဘာမှမတွေ့။ သို့သော် သူ့အိပ်ခန်းတံခါးက

www.burmeseclassic.com

www.burmeseclassic.com

ပွင့်နေတာ တွေ့ရသည်။ သူက တစ်ယောက်တည်းနေသော်လည်း အမြဲလိုပင် အိပ်ခန်းတံခါးကိုပိတ်ကာ အိပ်နေ ကျဖြစ်သည်။ အခုလည်း မအိပ်ခင် သူပိတ်ခဲ့တာ သေချာသည်။ ဘာကြောင့် ပွင့်နေရသနည်း။

ကေသီက ကုတင်ပေါ်မှဆင်းကာ တံခါးဝဆီ လျှောက်သွားသည်။ တံခါးကို ပြန်ပိတ်မည်ပြုပြီးကာမှ အပြင်ထွက်ကြည့်ချင်စိတ် ပေါ်လာ၏။ ဒါကြောင့် အပြင်ကို ထွက်လိုက်သည်။ ဧည့်ခန်းကျယ် ကြီးမှာ မီးရောင်ခပ်မှိန်မှိန်အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖြတ်ကနဲ သူ့ဘေးက နံရံတွင် အရိပ်မဲတစ်ခု ဖြတ်ပြေးသွား၏။ သူလှည့်ပတ်ကြည့်လိုက်သော်လည်း ဘာမှမတွေ့ရ။ သို့သော် . . .

ဆဋ္ဌမအာရုံကတော့ ဒီအခန်းထဲတွင် သူ့အပြင် တစ်ခြားသူတစ်ယောက်လည်း ရှိနေသလို ခံစားနေရ၏။ ဘေးဘီကို ကြည့် ပြန်တော့လည်း ဘာအရိပ်အရောင်မှ မမြင်တွေ့ရ။ ကေသီက သက် ပြင်းချလိုက်သည်။ တောင်တွေးမြောက်တွေး တွေးနေတာ မကောင်း။ သူ သွေးလေခြောက်ခြားကာ မြင်ချင်တာ မြင်နေတာလဲ ဖြစ်နိုင် သည်။ သူက



www.burmeseclassic.com

အိပ်ယာထဲပြန်ဝင်ကာ ဇွတ်နှစ်အိပ်တော့မည်ဟု ရည်ရွယ်လိုက်၏။

ထိုအချိန်မှာပင် တဟီးဟီး၊ တဟင်းဟင်း ငြီးငြူသံလိုလို၊ အသံဆိုးကြီးကို ကြားလိုက်ရ၏။ ထိုအသံကို ကြားရတာ နားမချမ်း သာဖြစ်ရုံမက၊ စိတ်ခြောက်ခြားဖွယ်ရာလည်း ကောင်းလှလေသည်။ အသံလာရာက အရှေ့အနောက်၊ တောင်မြောက် အရပ်လေးမျက် နှာမှ မဟုတ်။ သူ့ခေါင်းပေါ် အထက်မှ ဖြစ်နေသည်။ ကေသီက သတိကြီးစွာထားကာ တဖြည်းဖြည်း သူ့ခေါင်းကို မော့ကြည့်လိုက် သည်။

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကေသီသည် လိပ်ပြာ လွင့်စင်လုမတတ်ပင် ဖြစ်၍သွားလေသည်။ မျက်နှာကျက်တွင် ဆံပင် ရှည်နှင့် သူမြင်နေကြ သရဲမသည် လေးဘက်ထောက်၍နေသည်။ သူ့ပုံစံမှာ မျက်နှာကျက်တွင် အိမ်မြှောင်တစ်ကောင် တွယ်ကပ်နေ သကဲ့သို့ရှိသည်။ သူ့ဆံပင်တွေက အောက်ဘက်သို့ တွဲလောင်းကျ နေ၏။ သူ့မျက်တွင်းဟောက်ပက်ထဲမှ မျက်လုံးနှစ်လုံးက မီးခဲကလေး နှစ်ခုလို နီရဲလင်းလက်နေသည်မှာ အသည်းယားစဖွယ် ဖြစ်သည်။ ရွဲ့လိမ်ကာ ပုံပန်းမကျသည့် နှုတ်ခမ်းတစ်စုံအတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com

ဆိုးဝါးလှသော ငြီးငွေ့သံလိုလိုအသံက ခပ်တိုးတိုး ထွက်ပေါ်နေသေး၏။ လူသူမနီး တောကြီးမျက်မည်းတွင် ကျားတစ်ကောင်နှင့် ရင်ဆိုင်တိုးမိလျှင်ပင် ကေသီက ဤမျှကြောက်ရွံ့လိမ့်မည် မဟုတ်။

သူကြည့်နေစဉ်မှာပင် သရဲမက မျက်နှာကျက်မှ နံရံဆီသို့ လေးဘက်တွားသွားကာ၊ နံရံမှ ကြမ်းပြင်ဆီသို့ လေးဘက်တွားဆင်း သက်လာသည်။ ပြီးတော့ ကေသီနှင့် မျက်နှာချင်းဆိုင်ရပ်ကာ သူ့ လက်တွေကို ဆနတန်းလိုက်သည်။ သူ့လက်နှစ်ဘက်လုံးက လက် ဖဝါးတွေကို ကေသီဆီ ဖြန့်ခင်းပြထားကာ ရှေ့သို့တိုးလာနေသည်။

ကေသီက နောက်ဆုံးကျန်ရှိနေသော သတ္တိကို စုစည်းကာ သူ့အိပ်ခန်းထဲသို့ အလျင်အမြန် ပြေးဝင်သွားပြီး အခန်းတံခါးကို အူလျားဖားလျား ပိတ်လိုက်လေသည်။ ပြီးတော့ ကုတင်ဘေး စားပွဲ ပေါ်တွင် တင်ထားသော လက်ကိုင်ဖုန်းဆီပြေးသွားကာ ကောက်ယူ လိုက်၏။ တော်ပါသေးသည်။ ရှေ့နေကိုစည်သူ၏ visiting ကဒ် ကလေးက စားပွဲပေါ်ရှိ တယ်လီဖုန်းဘေးတွင် ရှိသည်။ သူက တယ် လီဖုန်းတွင် စည်သူ၏ဖုန်းနံပါတ်ကို နှိပ်နေစဉ်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com

သရဲမက တံခါးရွက်ကို ပိတ်ရက်သားကပင် ဖေါက်ထွင်းကာ အထဲသို့ ဝင်ရောက်လာလေသည်။

* * * *

## (၇) နဖူးတွေ့ ဒူးတွေ့

ညကိုးနာရီလောက် ရှိပြီ။ မြဝတ်ရည်အခန်းမှာပင် စည်သူသည် မြဝတ်ရည်နှင့်အတူ ညစာစားလျက်ရှိသည်။ သူတို့ချစ်သူနှစ် ဦးမှာ နှစ်ဦးလုံးကပင် အလုပ်ကိုယ်စီဖြင့် မအားလပ်ကြသူများဖြစ် ရာ၊ ယခုကဲ့သို့ အေးအေးလူလူ တွေ့ရခဲလှသည်။ စည်သူက မထင် မှတ်ထားသော စကားတစ်ခွန်းကို ရုတ်တရက် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တို့ လက်ထပ်ကြရအောင် ဝတ်ရည်"

မြဝတ်ရည်က အံ့အားသင့်သော မျက်လုံးတွေနှင့် ကြည့်သည်။ ထိုမျက်လုံးတွင် မျက်ရည်အနည်းငယ် စွတ်စိုနေ၏။

"ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်၊ အခုခွဲနေဖို့ မသင့်တော့ဘူးလို့ ထင်တယ်"

ထိုအခိုက်မှာပင် သူ့ဘေးတွင်ချထားသော ဖုန်းက အသံမြည်လာသည်။ ကောက်ယူနားထောင်လိုက်တော့ တဘက်က ပြော နေသူက ကေသီဖြစ်နေသည်။ သူ့အသံက မကွဲမပြား တုန်တုန်ရီရီ တစ်ခုခုကို အကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်နေပုံရ၏။

"ကျွန်မကို ကယ်ပါဦး . . . ရှေ့နေကြီး . . . ကယ်ပါဦး၊ ကျွန်မ ကြောက်လို့ သေတော့မယ်"

"ဘာတွေဖြစ်နေတာလဲ ကေသီ၊ ဖြည်းဖြည်းပြောပါ"

"သူရောက်နေပြန်ပြီ၊ သူရောက်နေပြန်ပြီ"

"ဘယ်သူလဲ"

"ဟို . . . သရဲမလေ၊ ဆံပင်ရှည်ရှည်နဲ့ သရဲမ၊ အခု သူက ကျွန်မအခန်းတံခါးကို ဖောက်ပြီး ဝင်လာနေပြီ . . . အား"

ကြောက်လန့်တကြား ကေသီအော်သံကို နောက်ဆုံးကြားလိုက်ရသည်။ နောက်တော့ ဆက်သွယ်၍မရ။ အသံတွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဘက် က တိတ်ဆိတ်သွား၏။ စည်သူက အူလျားဖားလျားထကာ . . .

"ကိုယ်သွားမှ ဖြစ်တော့မယ် ဝတ်ရည်"

"ဘယ်သူလဲဟင်၊ တစ်ဘက်က ပြောတာ ဘယ်သူလဲ"

"ကိုယ့်အမှုသည် မိန်းကလေးတစ်ယောက်ပါ၊ သူ လောလောဆယ် အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်၊ ကိုယ်သွားမှ ဖြစ်မယ်"

"ဘာတွေဖြစ်နေတာလဲ"

"ကိုယ်နောက်တစ်ကြိမ်ကြုံရင် ဒီကိစ္စတွေ ပြောပြမယ် . . ဟုတ်လား၊ အခုတော့ ကိုယ်သွားပြီ"

စည်သူက အလျင်စလိုပင် အခန်းထဲက ပြေးထွက်သွားရာ မြဝတ်ရည်က ငေးမောကျန်ရစ်ခဲ့လေသည်။ ချစ်သူကို ရှေ့တွင်ထား ကာ တစ်ခြားမိန်းကလေးတစ်ယောက်အတွက် ဒီလောက်ပြာယာ ခတ်ပြတာကတော့ မကောင်းဟု သူထင်သည်။ သို့သော် သူ့မှာ တားမြစ်ပိုင်ခွင့်မရှိ။ တကယ်လည်း သူမတားနိုင်မီမှာပင် စည်သူက သူ့ရှေ့က ပြေးထွက်သွားလေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

စည်သူစိုးရိမ်တကြီးနှင့် ကေသီတိုက်ခန်းရှေ့ရောက်လာ ကာ တံခါးကို တဒုံးဒုံးထု၏။ အတော်ကြာမှ တံခါးပွင့်လာသည်။ တံခါးဝတွင် ရပ်နေသော ကေသီမှာ တံခါးဖွင့်ပေးပြီးသည်နှင့် ပျော့ ခွေကာ လဲကျသွားသည်။

စည်သူက ကေသီကို ပွေ့ထူကာ ဧည့်ခန်းထဲရှိ ဆိုဖါပေါ် တင်ပေးရသည်။ ကေသီတစ်ကိုယ်လုံးမှာ ချွေးတို့ဖြင့် စိုရွှဲကာ၊ မျက် နှာမှာမူ သွေးမရှိတော့သကဲ့သို့ ဖြူလျော်နေသည်။ စည်သူက စားပွဲ ပေါ်မှ စာအုပ်တစ်အုပ်ကိုယူကာ၊ ကေသီမျက်နှာကို ယပ်ခပ်ပေး သည်။ ကေသီက မောပန်းလွန်းသဖြင့် ရုတ်တရက် စကားမပြော နိုင်သလို ရှိသော်လည်း သတိကင်းလွတ်နေသည့်ပုံမဟုတ်။ အားလုံး ကို သတိရနေသလိုဖြစ်သဖြင့် စည်သူစိတ်သက်သာရာ ရသွားသည်။ ၁၅ မိနစ်လောက် အနားယူပြီးမှ ပုံမှန်အခြေအနေပြန်ဖြစ်လာသည်။

"ကဲ . . . ပြောပါဦး၊ ဘယ်လိုဖြစ်တာလဲ"

ကေသီက သူတွေ့ကြုံခဲ့ရသော စိတ်ခြောက်ခြားစရာကိစ္စ ကို ပြန်ပြောပြလိုက်သည်။ စည်သူက သေသေချာချာ စဉ်းစား၏။

"ကေသီ တကယ်ပဲ အဲဒီမိန်းကလေးကို မသိကျွမ်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ကေသီက ခေါင်းညိတ်ပြ၏။

"သူက ကေသီဆီကို လက်နှစ်ဘက်ဆန့်တန်းပြီး လျှောက်လာတဲ့အခါ သူ့လက်ဝါးတွေကို ဖြန့်ထားတယ် . . . ဟုတ်လား"

ကေသီက ခေါင်းညိတ်ပြပြန်သည်။ စည်သူက တွေးကာ-

"အဲဒါက တစ်ခုခုတောင်းတဲ့ သဘောပဲ၊ သူ ကေသီဆီက လိုချင်နေတာ တစ်ခုရှိတယ်၊ အဲဒါကို ပြန်ပေးလိုက်ရင် ရပြီ"

"အဲဒါက ဘာလဲ"

ကေသီက ပြန်မေးသည်။

"ကေသီမှ မသိတာ၊ ကျွန်တော်လည်း ဘယ်သိမလဲ"

နောက်မှ စည်သူက စဉ်းစားမိကာ . . .

"ကေသီ ပြောဖူးတယ်၊ ဒီမိန်းမပေါ်လာတာက ကေသီ သူငယ်ချင်းရဲ့ မင်္ဂလာဆောင်ကို သွားပြီးနောက်နေ့က စ,တယ်ဆို"

"ဟုတ်တယ်"

"အဲဒီနေ့က ကေသီဘာတွေဝတ်သွားသလဲ သိချင်တယ်"

"ဘာဆိုင်လို့လဲ"

"ပြန်မေးမနေဘဲ ကျွန်တော်ပြောတဲ့အတိုင်းသာ ကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com

ကေသီက သူ့ကို အိပ်ခန်းထဲခေါ်ကာ၊ ထိုနေ့က ဝတ်ဆင်သွားသော အကျီအဝတ်အစားနှင့် လက်ဝတ်ရတနာတွေကို ထုတ် ပြသည်။ စည်သူက သေသေချာချာ စစ်ဆေးကြည့်သည်။

"ဒီအထဲမှာ တစ်ဆင့်ပြန်ဝယ်လိုက်တဲ့ ပစ္စည်းတွေပါလား"

ဟု လက်ဝတ်ရတနာတွေကိုပြကာ မေး၏။ ကေသီက . .

"ဟင့်အင်း . . . ကျွန်မစိတ်ကြိုက်အပ်ပြီး လုပ်ခိုင်းထားတဲ့ ပစ္စည်းတွေချည်းပဲ"

ဒီတော့ စည်သူ စဉ်းစားရကျပ်သွား၏။ အခန်းထဲကို လှည့်ပတ်ကြည့်ရင်း သူ့မျက်လုံးတွေက အလှပြင်ခုံဘေးတွင်ရှိသော ဘီရို ကလေးဆီ ရောက်သွား၏။ ထိုအထဲမှာ ဆံပင်တုပုံစံများကို တွေ့ရ သောအခါ . . .

"ဒါတွေက ကေသီသုံးတာလား"

"ဟုတ်တယ်"

"မင်္ဂလာဆောင်သွားတုန်းက ကေသီ ဒီထဲက တစ်ခုခုကို သုံးခဲ့သေးလား"

ဒီတော့မှ ကေသီက သဘောပေါက်သွားဟန်ဖြင့် တစ်ခုကို လက်ညှိုးထိုးပြကာ . . .

"ဒီဆံထုံးပုံကို သုံးခဲ့တယ်လေ"



www.burmeseclassic.com

"ကေသီ မြင်မြင်နေရတဲ့ သရဲမကလည်း ဆံပင်အရှည်နဲ့ နော်"

"ဟုတ်တယ်"

"ဒါဆို သေချာသွားပြီ၊ ကေသီသွားလေရာ လိုက်နှောင့်ယှက်နေတဲ့ သရဲမဟာ အခုမြင်နေရတဲ့ ဆံတုပိုင်ရှင်ပဲ၊ သူ့ဆံပင်ရှည်ကို ပြန်တောင်းနေတာပဲ၊ ပြန်ပေးလိုက်ရင် နောက်လာတော့မှာ မဟုတ်ဘူး"

သူတို့နှစ်ယောက် ခက်ခဲသော သင်္ချာတစ်ပုဒ်၏အဖြေကို တွေ့လိုက်ရသည့် ရှစ်တန်းကျောင်းသား၊ ကျောင်းသူကလေးတွေလို ပျော်ရွှင်သွားသည်။

"မနက်ကျရင် ဒီဆံပင်တုဝယ်ခဲ့တဲ့ဆိုင်ကို သွားစုံစမ်းကြည့်တာပေါ့"

"အခုလို ကူညီတာ ကျေးဇူးပဲ၊ ရှင့်ကို ဆက်အကူအညီတောင်းချင်တာ ရှိတယ်"

"ဘာလဲဟင်"

"ရှင် ဒီနေ့ည ဒီမှာပဲ ကျွန်မကို စောင့်ရှောက်ရင်း နေပေးနိုင်မလား"


www.burmeseclassic.com

www.burmeseclassic.com

စည်သူ တွေဝေသွား၏။ သူစိမ်းမိန်းကလေးတစ်ယောက် တိုက်ခန်း၌ သူအိပ်ခဲ့တာကိုသိလျှင် ဝတ်ရည်က ခွင့်လွှတ်ဖို့ရာ မလွယ်။ သို့သော် . . .

"ကျွန်မ တော်တော်ကြောက်နေမိတယ်၊ ဒီတစ်ခါသာ အဲဒီ သရဲမကို မြင်ရရင် အသက်ထွက်သွားမလားတောင် မသိဘူး၊ ဘေး မှာ အဖော်ရှိနေတယ်ဆိုရင်တော့ ကျွန်မ ဒီလောက်ဆိုးဝါးမယ် မထင်ဘူး"

သူ့စကားမှာ အမှန်ပင်ဖြစ်ကြောင်း သူ့မျက်နှာက သက် သေခံနေသည်။ အခုတောင် သူက နောက်ကျလျှင် ကေသီသည် အကြောက်လွန်ကာ နှလုံးသွေးရပ် သေဆုံးသွားနိုင်လေသည်။

သို့ဖြင့် ထိုညက သူသည် ကေသီအခန်းမှာပင် အိပ်ဖြစ် သည်။ သူက အပြင်က ဆိုဖါတွင် အိပ်မည်။ ကေသီက အခန်းထဲ မှာ အိပ်ပါဆိုသော်လည်း ကေသီက တစ်ယောက်တည်း မအိပ်ရဲ။ ထို့ကြောင့် ဧည့်ခန်းထဲရှိ နှစ်ယောက်ထိုင်ဆိုဖါနှစ်လုံးပေါ်မှာပင် တစ် ယောက်တစ်ခုအသုံးပြုကာ စောင်ပါးကလေးတွေခြုံ၍ အိပ်စက်ဖြစ် ကြသည်။ အိပ်စက်သည်ဆိုသော်လည်း တော်တော်နှင့် အိပ်ဖြစ် သည်မဟုတ်။ နှစ်ဦးသား စကားထိုင်ပြောရင်း စည်သူက ကေသီ

www.burmeseclassic.com

www.burmeseclassic.com

ဘဝအထီးကျန်ဆန်လွန်းမှုကို သဘောပေါက်သွားကာ ပထမဆုံး စာနာစိတ်ဝင်လာမိလေသည်။

နောက်နေ့တွင် သူတို့ စည်သူကားဖြင့် ဆံပင်တုရောင်းသော ဆိုင်ကို ထွက်လာခဲ့သည်။ ထိုဆိုင်မှ ဆံပင်တုကိုပါ ပြန်ယူလာ ခဲ့သည်။ ထိုဆိုင်ရှင်မိန်းမကြီးမှာ ဝယ်နေကျဖေါက်သည်ဖြစ်သော ကေသီကို ကောင်းကောင်းမှတ်မိနေသည်။ သူက . . .

"အန်တီတို့က အပြင်က လာသွင်းတဲ့ ဆံပင်တွေ လက်ခံ ပြီး ပြုပြင်ယူတာပဲ၊ ဘာဖြစ်လို့လဲ . . . ပြဿနာရှိရင် အသစ်တစ်ခုနဲ့ လဲယူလေ၊ ကိုယ့်ဖောက်သည်တွေပဲ"

ဟုပြေလည်ရာ ပြေလည်ကြောင်း ပြောပါသည်။ စည်သူ က . . .

"ကျွန်တော်တို့ ဒီဆံပင်သွင်းတဲ့သူနဲ့ တွေ့ပြီး မေးစရာလေး ရှိလို့ပါ၊ သူနဲ့ တွေ့နိုင်မလား"

ဟုမေးတော့ ထိုမိန်းမကြီးက . . .

"ဒီကို ဆံပင်တွေ လာသွင်းနေတဲ့သူတွေက လေးငါးယောက် ရှိတယ်၊ ဒါပေမယ့် ဒီဆံပင်ကိုတော့ ကောင်းကောင်းမှတ်မိနေတယ်၊ ဒီဆံပင်က ရည်လည်းရှည်၊



www.burmeseclassic.com

www.burmeseclassic.com

လှလည်းလှတော့ ဈေးကောင်းကောင်း ပေးလိုက်ရတယ်၊ ဒီလူကြီးက ဦးကျော်စွာတဲ့၊ အရက်သမားကြီးပါ”

“သူ့လိပ်စာရနိုင်မလား”

စည်သူက မေးတော့ ဆိုင်ရှင်မိန်းမကြီးက သူ့မှတ်စုစာအုပ်ထဲမှ လှန်လှောရှာကာ ပေးလိုက်သည်။ ထိုလူကြီးမှာ မြောက်ဥက္ကလာပမြို့စွန် ရွှေပေါက်ကံမြို့ကွက်ထဲတွင် နေသူဖြစ်သည်။ သူ့ကို အိမ် တွင် မတွေ့ရ။

“ဒီအချိန်ဆို ကိုကျော်စွာ အရင်ဆိုင်ရောက်နေပြီ၊ သူက မိုးလင်းကတည်းက သောက်တဲ့သူလေ”

ဟု အိမ်နီးနားချင်းတွေက ညွှန်သဖြင့် ခပ်စုတ်စုတ်အရက်ပုန်းဆိုင်ကလေးသို့ လိုက်သွားရ၏။ ကေသီကို ကားထဲက စောင့်နေဖို့ ပြောသော်လည်း ကေသီက ထိုလူကြီးပြောစကားများကို ကိုယ် တိုင်ကြားချင်သည်ဟုဆိုကာ အရက်ဆိုင်ထဲအထိ လိုက်လာသည်။

ကိုကျော်စွာဆိုသူမှာ အသက် ၅၀ ကျော်ခန့်ရှိမည်။ ဆံပင်တိုတို၊ အရက်ဖေါဖေါနေသော ရုပ်နှင့် ခပ်ပိန်ပိန်လူတစ်ဦးဖြစ်၏။ သူက သူ့ကိုတွေ့ရအောင် လာသည်ဆိုသော စည်သူတို့နှစ်ယောက် ကို အံ့သြသလို ကြည့်နေသည်။ စည်သူက . . .



www.burmeseclassic.com

"ခင်ဗျား . . . ဒီဆံပင်ကို မှတ်မိတယ် မဟုတ်လား၊ ဟုတ်မှန်တဲ့အတိုင်း ပြောမယ်ဆိုရင် ခင်ဗျား ဒီပိုက်ဆံတွေရမယ်"

ငါးထောင်တန်နှစ်ရွက်ကို စားပွဲပေါ်ထုတ်တင်ပြရင်း မေးလိုက်သည်။ ငွေကိုမြင်ရသောကြောင့် ကိုကျော်စွာ၏ မျက်လုံးတွေ က အရောင်တောက်ပလာသည်။

"မှတ်မိတာပေါ့ဗျာ၊ ဒီဆံပင်က ကျွန်တော့်သက်တမ်းတစ်လျှောက်မှာ ဈေးအကောင်းဆုံးရခဲ့တာပဲဟာ၊ ရှည်လည်းရှည်လျား နက်လည်းနက်မှောင် တော်တော်လှတဲ့ဆံပင်လေ"

"ဟုတ်ပြီ . . . ခင်ဗျား အဲဒါကို ဘယ်က ရခဲ့တာလဲ"

ကိုကျော်စွာက ခေတ္တမျှတိတ်ဆိတ်သွားကာ . . .

"အမှန်အတင်းပြောရမှာလား"

"အမှန်အတိုင်းပေါ့၊ ခင်ဗျားလိမ်ပြောရင် ကျုပ်သိတယ်၊ ဒီပိုက်ဆံလည်း ရမှာမဟုတ်ဘူး"

"ခင်ဗျားတို့က ရဲတွေတော့ မဟုတ်ပါဘူးနော်၊ ဟိုတိုင်ဒီတိုင် မတိုင်ဘူးမဟုတ်လား"

"မတိုင်ပါဘူး . . . စိတ်ချပါ"

ဒီတော့မှ ကိုကျော်စွာက ထုတ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီဆံပင်က ကျုပ်မိတ်ဆွေ ဆေးရုံကြီးရေခဲတိုက်စောင့်ဆီက ရခဲ့တာ၊ ကျုပ်နဲ့ စပ်တူလုပ်ဖော်ကိုင်ဖက်လို့ ဆိုရင်လည်း ရတယ်၊ ဆေးရုံကြီးကို ရောက်လာတဲ့ ပိုင်ရှင်မဲ့အလောင်းတွေ ရှိတယ်၊ အဲသလို မိန်းမတွေရဲ့ ဆံပင်တွေကိုဖြတ်ပြီး ကျွန်တော့်ကို သူက ပေးတယ်၊ ကျွန်တော်က ဆိုင်ကို ပြန်သွင်းတယ်ပေါ်ဗျာ"

အခုတော့ ရှင်းလင်းသွားလေပြီ။

"အဲဒီကွယ်လွန်သွားတဲ့ မိန်းမက ဆင်းဆင်းရဲရဲလမ်းဘေးဈေးရောင်းတဲ့ သူတဲ့၊ ညဘက် ကားတိုက်မှုဖြစ်ပြီး ဆေးရုံရောက်လာ တာ၊ လူနာရှင်လည်း မရှိဘူး၊ နောက်ဆုံးတော့ ဆေးရုံကပဲ သင်္ဂြိုလ် လိုက်ရတယ်၊ ဒါထက် ဒီကိစ္စတွေကို ခင်ဗျားတို့ ဆံပင်သွင်းရတဲ့ ဆိုင်ကိုတော့ သွားမပြောပါနဲ့နော်၊ နောက်ဆို ကျွန်တော်တို့ပစ္စည်းကို လက်မခံဘဲ ဖြစ်နေမယ်"

သူတို့နှစ်ယောက်က ကိုကျော်စွာကို ကျေးဇူးတင်စကားပြောကာ ပြန်လာခဲ့ကြသည်။ ကဲ . . . အခုဘယ်လိုလုပ်မလဲ။ ကေသီ က မေးသည်။ စည်သူလည်း ရုတ်တရက် မဖြေတတ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမိန်းမကို မြေမြှုတ်တဲ့နေရာကို သိရင်တော့ အဲဒီကိုသွား ပြီး သူ့ပစ္စည်းကို ထားလိုက်ရုံပဲ၊ အခု ဘယ်မှာမြေမြှုတ်တယ်မှန်း မသိတော့ . . ."

ကေသီက . . .

"ကျွန်မ အကြံတစ်ခုရပြီ"

"ဘာလဲ . . . ပြောစမ်းပါဦး"

"ဒီဆံတုကို ဘုရားတစ်ဆူမှာ သွားလှူလိုက်မယ်၊ သူ့အတွက် ကုသိုလ်ကောင်းမှုပြုပြီး အမျှအတမ်းဝေလိုက်မယ်၊ အဲဒါဆိုရင် သူကျေနပ်သွားလိမ့်မယ် ထင်တယ်"

ကေသီအတွေးကို သူသဘောကျသည်။ ဒီလိုအတွေးမျိုးကို မိန်းမတွေသာ ရတတ်သည်ထင်သည်။ သူတို့နှစ်ယောက် ဗိုလ်တထောင် ဘုရားကိုသွားကာ ထိုမိန်းမဆံတုကို လှူလိုက်သည်။ ကေသီက ထိုမိန်းမအတွက် ပန်းဆီမီးများကပ်ကာ အလှူအတန်းပြုရင်း အမျှ အတနးဝေလိုက်သည်။

ပြီးတော့ သူတို့ စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ကာ မနက် စာစားကြသည်။

"အခုမှပဲ ဆာရမှန်း သိတော့တယ်၊ တစ်မနက်လုံးဇောကပ် နေတော့ ဆာရမှန်းမသိဘူး၊ ကိုစည်သူကို ကျေးဇူးတင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ရှင်သာ ဒီလိုလိုက်ဆောင်ရွက်မပေးရင် ဒီကိစ္စက ဖြစ်မြောက်မှာမဟုတ်ဘူး”

“ကိုယ်တို့ ဘက်ကတော့ တတ်နိုင်သလောက် လုပ်ပေးခဲ့တာပါပဲ၊ ဆံပင်ပိုင်ရှင်အမျိုးသမီး ဖြစ်ရာဘဝက ကျေနပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်”

* * * *

(၈) ရေအောက်က အလောင်း

အဝေးမှ ခေါ်သံသဲ့သဲ့။ ဒီအသံကို သူကောင်းကောင်းမှတ်မိသည်။ သူ့ချစ်သူ မြဝတ်ရည်၏ခေါ်သံ။ ခေါ်သံက အားငယ်ကာ အထီးကျန်ဆန်လွန်းလှသည်။

www.burmeseclassic.com

အဝေးတစ်နေရာမှ ပဲ့တင်ရိုက်ခတ်လာသော အသံ။ ဒီအသံက တောင်ပေါ်မှ ဖြစ်နိုင်သည်။ သူတောင်ထိပ်ကို ရောက်သွား သည်။ တောင်ထိပ်တွင် လေတဟူးဟူး တိုက်ခတ်နေသည်ကလွဲ၍ ဘယ်သူမှ ရှိမနေ။ တောင်အောက်တွင် လှိုင်းတံပိုးထ,နေသော ပင် လယ်ပြင်ကြီး။

သူအိပ်မက်မက်နေတာ။ အိပ်မက်ထဲမှာပင် စည်သူက အိပ်မက်မက်နေတာဟု သိနေတာက ဆန်းသလိုပင်။ သို့သော် ခံစားမှု ကတော့ အစစ်အမှန်ဖြစ်သည်။ ကြားရပြန်ပြီ။ မြဝတ်ရည်ရဲ့အသံ။ ဒီတစ်ခါ အသံကတော့ ပင်လယ်ထဲက ဖြစ်သည်။

စည်သူပင်လယ်ရေအောက်ကို ရောက်၍သွားသည်။ ပင်လယ်က ဘယ်လောက်နက်လေသလဲ မသိ။ သူတဖြည်းဖြည်း အောက် ကိုကျဆင်းနေသည်။ ထူးခြားတာက ရေအောက်တွင် ရောက်နေ သော်လည်း သူသည် အသက်ရှူမွန်းကျပ်ခြင်းမျိုး မဖြစ်။ အိပ်မက် ဆိုတာကြောင့် ဖြစ်မည်။ အိပ်မက်ဆိုတာ သဘာဝမှ မဟုတ်ဘဲ။

ဟိုရေအောက်သဲပြင်ပေါ်တွင် လှဲလျောင်းနေသော အမျိုးသမီးတစ်ဦး၏ ခန္ဓာကိုယ်တစ်ခု။ တူလိုက်တာ၊ မြဝတ်ရည်နှင့် တူလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

သူ့အနားရောက်သွားတော့မှ မြဝတ်ရည်ဖြစ်တာ တွေ့လိုက်ရသည်။ ဒီရေအောက်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ။ မြဝတ်ရည်၏ခန္ဓာကိုယ်က ရေခဲတုံးတစ်တုံးလို အေးစက်တောင့်ခဲ၍ ပင် နေလေသည်။ သူဝမ်းပမ်းတနည်း မြဝတ်ရည်ကို ပွေ့ဖက်ထူ လိုက်သည်။ မြဝတ်ရည်၏ တောင့်တင်းသော ခန္ဓာကိုယ်က ကျောက် ရုပ်တစ်ရုပ်လို။ ထိုအခိုက်မှာပင် ထင်မှတ်မထားဘဲ မြဝတ်ရည်၏ မျက်လုံးနှစ်စုံက ဖြတ်ကနဲ ပွင့်လာ၏။ သေဆုံးနေတဲ့ သူတစ်ယောက် က ဘာကြောင့်မျက်လုံးပွင့်ရတာလဲ။ သူအထိတ်တလန့် ဖြစ်၍သွား ကာ အိပ်ယာမှ လန့်နိုးလာ၏။

သူအလုပ်ရှုပ်နေသဖြင့် ယခုတစ်ရက်နှစ်ရက်အတွင်း မြဝတ်ရည်ထံ မရောက်။ မြဝတ်ရည်လည်း အလုပ်ရှုပ်နေဟန်တူ၏။ ဖုန်းဆက်ဖေါ်ပင် မရ။ သူတို့နှစ်ယောက်က အလုပ်များသူများပီပီ အပြန်အလှန် တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ထားကြသည်။ နားလည်မှုရှိကြသည်။ တွေးနေစဉ်မှာပင် သူ့လက်ကိုင်ဖုန်းက မြည် လာ၏။ သူက မြဝတ်ရည်ဆက်တာဟု ထင်လိုက်သော်လည်း တကယ် တမ်း ဆက်သူက ကေသီဖြစ်နေသည်။

www.burmeseclassic.com

"အခြေအနေထူးလား . . . ကေသီ"

"ထူးတယ် . . . ကိုစည်သူ"

ဟုပြောသဖြင့် သူထိတ်လန့်သွားသည်။ ကေသီက ဆက် ၍ . . .

"ထူးတယ်ဆိုတာ ဟိုသရဲမ လုံးဝပေါ်မလာတော့ဘူးလို့ ပြောတာ၊ ကေသီတို့ ဆောင်ရွက်လိုက်တာ တော်တော်ထိရောက်ပုံ ရတယ်၊ အဲဒါတွေ အားလးဟာ ရှင့်ကျေးဇူးတွေချည်းပဲ၊ ဒါကြောင့် ရှင့်ကို နေ့လည်စာကျွေးဖို့ ဖိတ်လိုက်တာ"

"ဆောရီး ကေသီ၊ ဒီနေ့တော့ လက်မခံနိုင်သေးဘူး၊ ကိုယ့်မှာ ကိစ္စလေးတွေရှိနေလို့၊ ကေသီ ပြဿနာပြေလည်သွားတယ်ဆို တာကိုပဲ ကိုယ်ဝမ်းသာလှပါပြီ"

"ကောင်းပါပြီ . . . နောက်မှတွေ့မယ်၊ see you again"

လို့ နှုတ်ဆက်ကာ ကေသီက ဖုန်းချသွားသည်။

စည်သူက လူတစ်ကိုယ်လုံး လန်းဆန်းသွားအောင် ရေကို စိမ်ကာချိုးပြီးမှ အဝတ်အစားကျော့ကျော့မော့မော့လဲကာ၊ ဝတ်ရည် တို့အိမ်ဖက် ထွက်ခဲ့သည်။

ဝတ်ရည်က သူ့ကို စိတ်ကောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေးတစ်ယောက်က ဖုန်းဆက်ခေါ်တာနဲ့ ဒီလောက် အရင်စလို ပြေးသွားရလား"

မိန်းမဆိုတာကတော့ သဝန်တိုတတ်တဲ့ အမျိုးမဟုတ်လား။ ဒီတော့ ဝတ်ရည်စိတ်ပြေအောင် ချော့ရသည်။

"သူက ကိုယ့်အမှုသည်လေ ဝတ်ရည်ရဲ့၊ ပြီးတော့ သူက အဲဒီအချိန်မှာ တကယ့်အရေးပေါ်အခြေအနေနဲ့ ရင်ဆိုင်နေရတယ်၊ တကယ်လို့ ကိုယ်သာ အချိန်မီရောက်မသွားဘူးဆိုရင် အသက် တောင် ဆုံးရှုံးသွားနိုင်တယ်"

"ဘာကြောင့်လဲ"

သူက ဖုံးကွယ်မနေတော့။ အမှန်အတိုင်း ပြောမပြနိုင်လျှင် ဝတ်ရည်က ဆက်ကာ အထင်လွဲနေဦးမည်။ သူပြောပြသည့် ဆံပင် ရှည်နှင့် သရဲမအကြောင်းကို ဝတ်ရည်က သေသေချာချာနားထောင် ကာ . . .

"အဲဒါ တကယ်ဖြစ်ခဲ့တာလား"

"မင်းကို ငါက ညာရဦးမှာလား ဝတ်ရည်ရယ်"

သူ့မျက်နှာတွင် ကျေနပ်သော အပြုံးတစ်ခုပေါ်လာသည်။ စည်သူက ရုတ်တရက် နားမလည်။

"ဘာလို့ပြုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဝတ်ရည်သီချင်းရေးမလို့ အကြောင်းအရာရှာနေတာ၊ အခု တော့ အဲဒီအကြောင်းလေးကို သီချင်းရေးမယ်လို့ စိတ်ကူးရသွားလို့"

"ကောင်းပါ့မလားကွာ"

"ဘာလို့ မကောင်းရမှာလဲ၊ ဇာတ်ကွက်ကလေးက ခပ်ဆန်း ဆန်း၊ ဒါမျိုး ဘယ်သူမှ မရေးဖူးသေးဘူး"

ဝတ်ရည်က တကယ်ပင် စိတ်မြန်လက်မြန်ဖြစ်သည်။ သူ့ စန္ဒယားခုံတွင် သွားထိုင်ကာ စန္ဒယားတီးကာ အသံရှာလိုက်၊ စက္ကူပေါ်တွင် စာသားရေးလိုက်နှင့် အလုပ်ရှုပ်နေသည်။

စည်သူ့တယ်လီဖုန်းက မြည်လာပြန်သည်။ သူ့ကို ဆက် သွယ်သူတွေက ရဲဘက်က ဖြစ်နေသည်။

"ကျွန်တော်က ရဲအုပ်ဇော်နိုင်ပါ၊ ဖြစ်နိုင်ရင် ကျွန်တော်တို့ ရဲစခန်းကို လာခဲ့စေချင်ပါတယ်၊ ခင်ဗျားက ဒီအမှုနဲ့ပတ်သက်ပြီး တရားခံရှေ့နေဖြစ်နေတော့ ခင်ဗျားကို အသိပေးရမယ့် ဝတ္တရားရှိ လို့ပါ"

စည်သူက ဝတ်ရည်ကို တောင်းပန်ရပြန်သည်။

"ဝတ်ရည်ရေ . . . မင်းနဲ့ အပြင်ထွက်ပြီး ညစာစားမယ် လို့ စိတ်ကူးထားတယ်၊ အရေးတကြီးကိစ္စပေါ်လာလို့ သွားရတော့ မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်အမှုသည် မိန်းကလေးဆီကပဲလား"

"မဟုတ်ပါဘူး ...အခုခေါ်တာက ရဲစခန်းကပါ၊ ဒီအမှုနဲ့တော့ ပတ်သက်နေတယ် ပြောနိုင်တာပေါ့"

"သွားပါ ကိုစည်၊ ကျွန်မလည်း သီချင်းတစ်ပုဒ်ရေးဖို့ စျာန်ဝင်နေတော့ အပြင်ထွက် ညစာစားနိုင်မယ် မထင်ဘူး၊ ကျွန်မကို နားလည်တယ် မဟုတ်လား"

စည်သူက ခေါင်းညိတ်ပြလိုက်သည်။

သူတို့အနုပညာသမားဆိုတာ အချိန်နာရီကန့်သတ်ထား၍ မရ။ စျာန်ဝင်စားခိုက် အလုပ်လုပ်ရခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူထွက်လာတာကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုပေးတာကိုပင် ကျေးဇူး တင်ရဦးမည်။

သူက ရဲစခန်းကိုရောက်တော့ ရဲအုပ်ကိုဇော်နိုင်က သူ့စားပွဲကို ခေါ်၏။ ကိုဇော်နိုင်မှာ အသားညိုညို ထောင်ထောင်မောင်းမောင်း၊ ကတုံးဆံတောက်နှင့် ရဲအရာရှိတစ်ယောက်၏ စူးစူးစိုက်စိုက် မျက်လုံးမျိုးရှိသူ ဖြစ်သည်။ စည်သူက ...

"ဘာတွေထူးသလဲ ကိုဇော်နိုင်"

"အင်း ...ထူးတယ်လို့ ပြောရမယ်၊ ကျွန်တော်တို့ တတိယ အလောင်းထပ်တွေ့တယ်"

"ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com

စည်သူက တအံ့တသြရေရွတ်လိုက်သည်။ ဇော်နိုင်က . .

"အဲဒီနေ့ တံတားပေါ်မှာ ရိုက်ကူးနေတာက အဆိုတော် နွေးနွေးရယ်၊ ဓါတ်ပုံသူရအောင်ရယ် နှစ်ယောက်တည်း မဟုတ်ဘူး ဗျ၊ သူတို့မှာ တစ်ခြားအဖော်တစ်ယောက် ပါသေးတယ်"

"ဘယ်လိုလုပ်သိတာလဲ"

"ကားတိုက်မှုဖြစ်ပြီး နွေးနွေးနဲ့သူရအောင် ရေထဲကျသွား ပေမယ့် သူ့ရဲ့ရုပ်သေဓာတ်ပုံကင်မရာတစ်ခုက လမ်းပေါ်မှာ ကျ ကျန်ရစ်ခဲ့တယ်၊ ကျွန်တော်တို့ သက်သေခံပစ္စည်းအဖြစ် သိမ်းတဲ့ အထဲမှာ ပါလာတယ်၊ ကင်မရာက ဒီဂျစ်တယ်ကင်မရာပါ၊ ဒီကင် မရာက ပုံတွေကို ကျွန်တော်တို့ ထုတ်ကြည့်တယ်၊ အဲဒီမှာ အမျိုး သမီးတစ်ယောက်ကို တွေ့ရတယ်၊ ကျွန်တော်ပြမယ်"

ဇော်နိုင်က ကူးထားသော ဓာတ်ပုံတွေကို ပြသောအခါ နွေးနွေးနှင့် တွဲရိုက်ထားသော သူကို တွေ့ရလေသည်။ စည်သူက ကြက်သေသေကာ ခဏမျှ စကားမပြောနိုင်ဘဲ ရှိနေ၏။

"ခင်ဗျား သူ့ကိုသိသလား"

သူက ခေါင်းညိတ်ပြလိုက်သည်။ သိတာပေါ့ . . . ကောင်း ကောင်းသိတာပေါ့။ သူ့ရဲ့ရင်ထဲအသည်းထဲက သိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့ တစ်လောကလုံးမှာ အချစ်ရဆုံးသူ မြဝတ်ရည်ပဲ။ အခုမှ သူသတိရ လာသည်။ နွေးနွေးစီးရီးအတွက် မြဝတ်ရည်သီချင်းတစ်ချို့ ရေးပေး ခဲ့ရသည်။ ပြီးတော့ အဲဒီနေ့ညက ရိုက်ကူးရေးကို အကူအညီပေးရ အောင် လိုက်သွားခြင်း ဖြစ်မည်။ စည်သူလမ်းကနေ ဖုန်းဆက်တော့ သူလည်း အပြင်ရောက်နေခဲ့တယ်လို့ ပြန်ဖြေခဲ့တာ အမှတ်ရလာ၏။ တစ်ခြားမဟုတ် ဒီရိုက်ကွင်းကို ရောက်နေခြင်း ဖြစ်မည်။

"သူက သီချင်းရေးတဲ့သူလို့ ပြောတယ်၊ အခုပျောက်နေ တယ်"

ဇော်နိုင်က ဆက်ပြောသည်။ စည်သူက . . .

"ပျောက်နေတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . သူ့အိမ်ကို မနက်က သွားရှာတော့လည်း မတွေ့ဘူး"

ဒါကတော့ လွဲနေပြီဟု စည်သူတွေးလိုက်သည်။ မြဝတ်ရည် သူ့အိမ်မှာ ရှိနေတာပဲ။ အခု သူ ဒီကိုထွက်မလာခင်ကလေးကတောင် အတူတူ ရှိနေခဲ့ကြသေးတာပဲ။

"အခုတော့ ကျုန်တော်တို့ အဖြေကို သိရပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ . . ."

"သူ့အလောင်းကိုလည်း ရေထဲက ကျွန်တော်တို့ ဆယ်လို့ ရခဲ့တယ်"

"ဗျာ . . ."

ဒီစကားတစ်ခွန်းသာ အယောင်ယောင်၊ အမှားမှား နှုတ်ဖျားက ထွက်သွား၍။ ကိုဇော်နိုင်ကတော့ သတိထားမိဟန်မတူ။

"တကယ်တော့ ကားတိုက်မှုဖြစ်ကတည်းက ရေထဲကို သုံးယောက်စလုံး ကျသွားတာပဲ၊ ကျွန်တော်တို့က နှစ်ယောက်ပဲထင်ပြီး နှစ်ယောက်ကို ဆယ်တွေ့တော့ ရပ်ပစ်လိုက်တယ်၊ အခု အဲဒီနေရာ ကို သွားထပ်ဆယ်တော့ တတိယအလောင်းကို တွေ့လာရတာပဲ"

"ဒါဆို သူ . . . သူ သေပြီပေါ့"

သူ့စကားကို ကိုဇော်နိုင်က နားမလည်နိုင်သလို မျက်နှာဖြင့် ကြည့်ရင်း . . .

"ရှေ့နေကြီး ရေအောက်မှာ ဘယ်သူမှ နှစ်ရက်သုံးရက် အသက်ရှင်မနေနိုင်ပါဘူး"

သူဘယ်လိုလုပ် ယုံကြည်ရပါ့မလဲ။

"ကျွန်တော် အလောင်းကို ကြည့်ခွင့်ရမလား"

ကိုဇော်နိုင်က ခေတ္တမျှ တွေဝေသွားပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ . . . ခင်ဗျားက ဒီအမှုနဲ့ ပတ်သက်နေတဲ့သူပဲ၊ ကျွန်တော် လိုက်ပြမယ်"

သူတို့ အလောင်းရှိရာ ဆေးရုံကြီးရေခဲတိုက်ကို ရောက်ရှိသွားသည်။ အလောင်းက မကြာခင်ကမှ ဆယ်ရလာသဖြင့် ဘာမှ မလုပ်ရသေး။ ဆယ်ယူလာခဲ့သည့်အတိုင်း ရှိနေ၏။ ရေအောက်တွင် ကြာရှည်စိမ်ထားသလို ဖြစ်နေသဖြင့် ဝတ်ရည်အသားတွေက နူးပွ ကာ ဖြူဖတ်ဖြူရော် ဖြစ်နေသော်လည်း ဝတ်ရည်ဟု မသိနိုင်လောက် အောင်တော့ ရုပ်ပျက်ဆင်းပျက် မဖြစ်သေး။ သူကောင်းကောင်း မှတ်မိနေတာ ဝတ်ရည်လည်ပင်းတွင် ဆွဲထားသော သူ့မွေးနေ့လက်ဆောင်ဆွဲကြိုးလေးပင် ဖြစ်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၈) ဘဝခြင်းခြားတဲ့ ချစ်သူ

သူ ဆေးရုံရေခဲတိုက်က ထွက်လာကတည်းက လူက အသိစိတ်ကင်းကွာနေသလို ဖြစ်နေသည်။ လေထဲမှာ လမ်းလျှောက်နေရ သလိုလို။ သံပတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်လိုလို။ သူသတိရ တော့ အရက်ဆိုင်တစ်ဆိုင်ထဲ ရောက်နေသည်ကို တွေ့ရ၏။ တကယ် တော့ သူက အရက်ကြိုက်တတ်သူ၊ အရက်ကို သောက်လေ့သောက် ထရှိသူ မဟုတ်။ အခုတော့ . . . ။

ဖြစ်မှဖြစ်ရလေ။ သူရင်နာတာက ဝတ်ရည်က သူ့ကိုယ်သူ သေဆုံးနေပြီဟု သိပုံမရခြင်းပင်။ သူက ငယ်စဉ်ကတည်းက သေဆုံး ပြီးသူများကို မြင်တွေ့လေ့ရှိသူ။ ဒီတော့ သေဆုံးနေသော ဝတ်ရည် ကို မြင်တွေ့နေရတာက မဆန်း။ သို့သော် သူက ဤအဖြစ်ကိုမေ့ ကာ၊ သူမြင်နေသော ဝတ်ရည်သည် ပကတိအသက်ရှင်လျက်ရှိသော ဝတ်ရည်ဟုသာ ထင်နေခဲ့မိသည်။

သူ့အိပ်မက်က ပြန်အမှတ်ရလာ၏။ ထိုအိပ်မက်ထဲတွင် ဝတ်ရည်ကို ရေအောက်တွင် တွေ့နေရခြင်း ဖြစ်သည်။ သူ . . .


www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်ရမည်နည်း။ အသေချာဆုံးကတော့ ဝတ်ရည်ကို ဖြောင့်ဖြရမည်။ ဝတ်ရည်က အဖြစ်မှန်ကို လက်ခံလာနိုင်သည်အထိ ဖြောင့်ဖြရမည်။ ဝတ်ရည်သာ အဖြစ်မှန်သိရရင် ဘယ်လောက်ရင်နာလိုက် မလဲ။ ဘာပဲဖြစ်ဖြစ် မကြာခင် သူနှင့်ဝတ်ရည် အတူတူမခွဲမခွာနေ တော့မည်ဟု သူဆုံးဖြတ်ခဲ့သေးသည် မဟုတ်လား။

နောက်ဆုံးတော့ အဖြစ်မှန်ကို ရင်ဆိုင်ရန် သူသတ္တိမွေး လိုက်သည်။ ဒီလိုမွေးရာတွင် အရက်က အထောက်အကူပြုတာတော့ အမှန်။ တကယ်ဆို သူ့နှုတ်က ပြောမထွက်နိုင်တဲ့ စကားတွေ ပြောထွက်ဖို့ ဆိုတာ . . . ။

သူအရက်ကလေး တထွေထွေနှင့် ဝတ်ရည်အခန်းကို ရောက် လာသည်။ ဝတ်ရည်က သူ့ကိုတွေ့တော့ . . .

"ကိုစည် မသောက်စဖူး သောက်လာတယ် . . ဟုတ်လား၊ ဘာတွေဖြစ်လာတာလဲ ကိုစည်၊ ဘာစိတ်ညစ်စရာတွေ ရှိလို့လဲ"

ဝတ်ရည်ကိုကြည့်ကာ သူရင်နာရသည်။ ဧည့်ခန်းထဲက ကုလားထိုင်တွင် အရုပ်ကြိုးပြတ်ဝင်ထိုင်နေမိသော်လည်း စကား တစ်လုံးမှ ပြောမထွက်ပဲ ငူငူငိုင်ငိုင်ကြီး ဖြစ်နေသည်။ ဝတ်ရည်က ရေတစ်ခွက် ခပ်လာပေးသည်။ သူက တစ်ကြိုက်သောက်ပြီး ခွက် ကို စားပွဲပေါ်တင်လိုက်၏။

www.burmeseclassic.com

"ဝတ်ရည် မင်းကို ငါပြောစရာစကားရှိတယ်"

သူက အာလေးလျှာလေး အရက်သမားလေသံဖြင့် ပြောလိုက်၏။ ဝတ်ရည်က ပြုံးလိုက်သည်။ ချစ်စဖွယ်စွဲမက်စရာကောင်း လှသော အပြုံးဖြစ်သည်။

"ပြောလေ . . . ပြောစရာရှိတာများ ဒီလူနဲ့ဒီလူ စကားပလ္လင်ခံနေသေးသလား၊ ဒီနေ့မှ ထူးထူးဆန်းဆန်း ဖြစ်နေတယ်"

သူက ဝတ်ရည်ကို ပြောဖို့အတွက် အကောင်းဆုံးစကားလုံးကို ရွေးချယ်စဉ်းစားနေသည်။ တော်တော်နှင့် ရှာဖွေမရ။

"ဝတ်ရည် . . ."

"ရှင် . . ."

"မင်းနဲ့ ငါနဲ့ ဘဝခြင်းမတူဘူး"

"ဟုတ်တယ် ဘယ်တူမလဲ၊ ကိုစည်က ယောကျ်ား၊ ဝတ်ရည်က မိန်းမလေ"

သူ့စကားက ရွှတ်နောက်နောက်။

"ဒါကိုပြောတာ မဟုတ်ဘူး ဝတ်ရည်၊ မင်းနဲ့ ငါနဲ့ ဘဝခြင်းခြားနေပြီလို့ ပြောတာ"

"ဘာ . . . ဘာလဲ ဘဝခြင်းခြားနေပြီဆိုတာ"

"အေး . . . ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ . . ."



www.burmeseclassic.com

သူက စကားစကို ခဏရပ်လိုက်ကာ ဝတ်ရည်ကို ကြည့်လိုက်လေသည်။ ဝတ်ရည်က တကယ်ပင် အပြစ်ကင်းစင်သော မျက် နှာဖြင့် သူ့ကို ငေးကြည့်နေသည်။ သူက သက်ပြင်းချကာ ဆုံးဖြတ် ချက်ချလိုက်၏။

"ဝတ်ရည် . . . မင်းက သေနေပြီ"

"ရှင် . . . "

ဝတ်ရည်မျက်လုံးဝိုင်းဝိုင်းလေးတွေက ပိုဝိုင်းသွား၏။

"မဖြစ်နိုင်တာ၊ အခုပဲ ရှင်နဲ့အတူတူ ထိုင်စကားပြောနေတာ မဟုတ်လား"

"အဲဒါက ဝိညာဉ်ပဲ ဝတ်ရည်၊ ငါက သေပြီးတဲ့ သူတွေရဲ့ ဝိညာဉ်တွေကို မြင်နိုင်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ ဒါကြောင့် ငါက မငးကို မြင်နေရတာ၊ မင်းကတော့ မင်းကိုမင်း သေ ပြီလို့မထင်ဘဲ ရှင်နေတယ်အထင်နဲ့ ငါနဲ့ဆက်ဆံနေတာ"

"ရှင် . . . "

ဝတ်ရည်က ထိုစကားကို ယုံဟန်မတူ။

"ဟိုတစ်နေ့က တံတားပေါ်မှာ ကားတိုက်မှုဖြစ်တယ်၊ နွေးနွေးရယ် သူရအောင်ရယ် မင်းရယ် သုံးယောက်လုံး သေဆုံးခဲ့တယ်၊ ပထမနှစ်ယောက်တည်း ထင်ခဲ့ကြတယ်၊ နေ့ခင်းကမှ မင်းအလောင်း ကို ဆယ်ရခဲ့ပြီး မင်းသေပြီလို့



www.burmeseclassic.com

အတည်ပြုပေးခဲ့တာ၊ ဟောဒါက ရေခဲ တိုက်ထဲက မင်းအလောင်းဓါတ်ပုံတွေပဲ”

စည်သူက သူဖုန်းဖြင့် ရိုက်လာခဲ့သော ဝတ်ရည်၏အသက်မဲ့ခန္ဓာဓါတ်ပုံတွေကို ပြလိုက်သည်။ ဒီတစ်ခါတော့ ဝတ်ရည်လက်ခံ လိုက်ပုံရသည်။ ဓါတ်ပုံတွေကိုကြည့်ပြီး ချုံးပွဲချငိုနေလေတော့သည်။

“မင်းလည်း သိတဲ့အတိုင်းပဲ ဝတ်ရည်၊ သေပြီးတဲ့ လူတွေကို ငါက အထုံအရ မြင်ရလေ့ရှိတယ်၊ မင်းကို ငါမြင်နေရတော့လည်း ငါက မင်းဟာ သေပြီးတဲ့သူလို့ မထင်ခဲ့ဘူးပေါ့၊ ပုံမှန်အတိုင်း ပကတိ မြင်တွေ့နေတဲ့ သက်ရှိတစ်ယောက်လို့ပဲ ထင်ခဲ့မတယ်”

“ဒါဆို ဝတ်ရည် ဘယ်လိုလုပ်ရမလဲဟင် ကိုစည်”

မြဝတ်ရည်က ကြေကွဲသော လေသံဖြင့် မေးသည်။ စည်သူက သက်ပြင်းချလိုက်ကာ . . .

“မင်းကို ငါဘယ်လောက်ချစ်တယ်ဆိုတာ မင်းအသိပဲ . . ဝတ်ရည်၊ ဒါပေမယ့် . . .”

“ဒါပေမယ့် . . .”

“ဘာဖြစ်သေးလဲဟင်”

www.burmeseclassic.com

www.burmeseclassic.com

"အခု မင်းနဲ့ငါဟာ ဘဝခြင်းခြားနေကြပြီလေ၊ ဒီတော့ နှစ်ဦးသားပေါင်းဖက်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

"တကယ်တော့ ဝတ်ရည်က ရှင်နဲ့အတူနေဖို့ အသက်ရှင်ခဲ့တာပါ . . . ကိုစည်"

"ဟုတ်ပါတယ် ဝတ်ရည်၊ တို့တွေသာ ဒီလောကအတ္တမကြီးခဲ့ရင် ကိုယ့်အလုပ်ကိုယ် ဦးစားမပေးဖြစ်ခဲ့ရင် မင်းနဲ့ငါဟာ ဒီထက် စောစောကပဲ လက်ထပ်ဖြစ်ခဲ့ကြမှာပဲ၊ အဲဒါဆိုရင် အခုလို ခွဲခွာကြ မယ်ဆိုရင်တောင် ခဏတာတော့ အတူနေခဲ့ကြရတာပဲလို့ ဖြေသိမ့် နိုင်မယ်၊ အခုတော့ . . ."

အခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်သွားပြီးမှ စည်သူက လေးလေးနက်နက်လေသံဖြင့် . . .

"ဒီတော့ မင်းကိုငါ စေတနာနဲ့ တိုက်တွန်းချင်တယ် . . . ဝတ်ရည်"

"ဘာများလဲဟင်"

"မင်းငါ့ကို ခင်တွယ်မနေပါနဲ့တော့၊ ပြီးတော့ ကုန်လွန်ခဲ့ပြီဖြစ်တဲ့ ဘဝဟောင်းက နေရာတွေ၊ ဝတ္ထုပစ္စည်းတွေ အို . . အားလုံး ပဲ၊ ဘာကိုမှ ခင်တွယ်မနေပါနဲ့တော့၊ ခင်တွယ်နေရင် မင်းဒီဘဝက ဘယ်တော့မှ ကျွတ်လွတ်နိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဒီစကားတွေကို စည်သူက သူကောင်းစားဖို့အတွက် ရင်နာနာဖြင့် ပြောနေခြင်းဖြစ်ကြောင်း၊ ဝတ်ရည်သိပါသည်။ သို့သော် . . .

"မင်း ငါအပါအဝင် အားလုံးကို သံယောဇဉ်ဖြတ်မှ မင်းလွတ်ရာကျွတ်ရာကို သွားနိုင်မယ်"

တကယ်တော့ ဝတ်ရည်က ကမ္ဘာတည်သရွေ့ တည်မယ့် အချစ်ဉစ္စာစောင့်မလေး ဖြစ်ရင်ဖြစ်ပါစေတော့၊ ဘဝဟောင်းက အခြားအရာတွေကို စွန့်လွှတ်နိုင်သည့်တိုင်အောင်၊ စည်သူကိုတော့ ယတိပြတ်မစွန့်လွှတ်နိုင်ဘဲ ရှိသည်။ ဒါပေမယ့် စည်သူစိတ်ချမ်းသာ စေရန် စည်သူတောင်းတဲ့ကတိကိုတော့ ခေါင်းညိတ်ကာ ပေးခဲ့လေ သည်။

* * * *

မြဝတ်ရည်၏အသုဘအခမ်းအနားမှာ အတော်ပင် စည်ကား သည်။ သူ့ကို ချစ်ခင်သော ဂီတပရိသတ်များနှင့် ဂီတအသိုင်းအဝိုင်း မှ နာမည်ကြီးအဆိုတော်များပါ လာရောက်ကြ၏။ အသုဘလာသူ တိုင်းကပင် ဝတ်ရည်တစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်

www.burmeseclassic.com

ရခြင်းအတွက် နှမြောတသနေကြသည်။ မြဝတ်ရည်သီချင်းတွေက လူကြိုက်များသည်။ အသက်သာ ဆက်ရှင်သန်ခွင့်ရလျှင် ထိပ်တန်း သီချင်းရေးဆရာမတစ်ဦးဖြစ်လာရန် သေချာလေသည်။

မြဝတ်ရည်၏အသုဘကို စည်သူနှင့်အတူ ကေသီပါလိုက်ပို့၏။ သူတို့နှစ်ယောက်လုံး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အနက် ရောင်ဝတ်စုံများ ဝတ်ဆင်ထားကာ၊ နေကာမျက်မှန်အမည်းများဖြင့် မျက်ရည်ဝဲနေသည့် မျက်လုံးများကို ဖုံးအုပ်ထားကြသည်။

"ကေသီကတော့ ရှင့်အပေါ်မှာ ဆိုးသထက်ဆိုးတဲ့ အပြစ်တွေ ကျူးလွန်မိသလို ခံစားနေရတယ်"

ကေသီက ခပ်တိုးတိုးဆိုသည်။ သူ့ကြောင့် စည်သူသည် ချစ်ဦးသူနဲ့လည်း ကွဲရလေပြီ။

"အားလုံးက ကံစီမံရာ ခံကြရတာပါ ကေသီ၊ တစ်ခုပဲ ဆုတောင်းပါတယ၊ ကျွန်တော်ချစ်တဲ့ ဝတ်ရည်ဟာ နောင်ဘဝတွေ မှာ ဒီလိုအဖြစ်ဆိုးမျိုး မကြုံပါစေနဲ့လို့"

"ကျွန်မလည်း ကောင်းမှုပြုပြီးတိုင်း သူ့ကို အမျှဝေမေတ္တာ ပို့ပါတယ်"



www.burmeseclassic.com

ဤရက်အတွင်း ထူးခြားတာ တစ်ခုတော့ ရှိသည်။ စည်သူသည် မြဝတ်ရည်ကို လုံးဝမမြင်ရတော့ခြင်း ဖြစ်သည်။ ဒီမနက်ပင် မြဝတ်ရည အခန်းကို ရောက်ခဲ့သေးသည်။ အခန်းမှာ လူသူကင်းမဲ့ ကာ တိတ်ဆိတ်ခြောက်သွေ့နေ၏။ မြဝတ်ရည်ထိုင်နေကျ စန္ဒယား ခုံတွင် သူ့အတော်ကြာအောင် ထိုင်ငိုင်နေမိသေးသည်။

မြဝတ်ရည်ကို မမြင်ရတော့ခြင်းအတွက် တစ်ဖက်က သူ ဝမ်းသာရသည်။ မြဝတ်ရည်သည် သူ့စကားကို နာခံကာ သံယော ဇဉ်တွယ်တာမှု အစွဲအလန်းတွေကို ဖြတ်တောက်လိုက်ဟန်တူသည်။ ဒါဆို သူလည်း ဒီဘဝမှ ကျွတ်လွတ်သွားပေမည်။ သူ ခုလိုမမြင်ရ ခြင်းမှာ တစ္ဆေဘဝမှ ကျွတ်သွားခြင်းကြောင့်လား။

တကယ်ပင် နောက်ရက်များတွင်လည်း မြဝတ်ရည်ကို သူ မမြင်ရ။ သူလည်း ကေသီအမှုနှင့်ပတ်သက်၍ တရားရုံးတွင် အလုပ် ရှုပ်နေသည်။ သူ့ဘက်က လျှောက်လဲချက်ကို တရားရုံးက လက် မခံ။ ကေသီကားကို သရဲမက လုမောင်းသဖြင့် ကားတိုက်မှုဖြစ်ခဲ့ ခြင်းဆိုတာကို တရားသူကြီးက မယုံ။ ကေသီကိုယ်တိုင်ပြောတော့ ကေသီကို စိတ်ကောင်းကောင်းမနှံ့သူဟု ယူဆနေ၏။ ဒါလည်း တစ်ခု

www.burmeseclassic.com

တော့ ကောင်းသည်။ စိတ်မန္တသူဆိုပါက ပေးသည့်အပြစ်ဒဏ်က လျော့ပါးတတ်လေသည်။ သို့သော် လူသုံးယောက်သေဆုံးစေခဲ့သော ကားတိုက်မှုရဲ့ ပြစ်ဒဏ်ကား . . . ။

တစ်ရက် ကေသီအခန်းကို သူရောက်သွားသည်။ ကေသီ အမှုက စီရင်ချက်ချကာနီးပြီဖြစ်သဖြင့် ဘယ်လိုစီရင်ချက်မျိုးပင် ကြုံရပါစေ ရဲရဲရင့်ရင့်လက်ခံဖို့ ကေသီကို ဖျောင့်ဖြရန် ဖြစ်၏။ ဤ ရက်အတွင်း ကေသီနှင့် သူ၏ရင်းနှီးမှုက တိုးတက်လာသည်။ သူက အထီးကျန်ဆန်လွန်းသော ကေသီဘဝကို စာနာနားလည်၍ ဖေးမ နိုင်လာသည်။

ဒီတစ်ခါ ကေသီဆီရောက်လာတော့၊ ကေသီက ပြတင်း တံခါးဝတစ်ခုတွင် ကျောပေးကာ ရပ်နေသည်ကို တွေ့ရ၏။ ကေသီ ကို အမှုအခြေအနေတွေ ရှင်းပြသည်။ ကေသီကတော့ ဘာတုန့်ပြန် မှုမှ မရှိ။ ကေသီကြည့်ရတာ ကျောက်ရုပ်တစ်ရုပ်လို။

"ကေသီရေ . . . မင်း ငါပြောတာတွေ ကြားရဲ့လား"

"ကြားပါတယ် ကိုစည်သူ"



www.burmeseclassic.com

www.burmeseclassic.com

သူ အံ့အားသင့်သွားသည်။ ကြားလိုက်ရတဲ့ ကေသီအသံ က ကေသီပြောနေကျအသံမျိုး မဟုတ်။ အသံက အက်ကွဲကွဲသြ တောတော။

"ကေသီ . . . မင်းဘာဖြစ်နေတာလဲ၊ နေကောင်းရဲ့လား"

ဒီတော့မှ ကေသီက သူ့ဘက်လှည့်လာသည်။ ကေသီမျက်နှာတွေက ဖြူဖတ်ဖြူလျော်။ သူ့ကို စိုက်ကြည့်နေသည့် အေးစက်စက်မျက်လုံးတွေက မျက်တောင်ခပ်ခြင်းမရှိ။

"ရှင့်ကို ကျွန်မချစ်တယ် ကိုစည်"

ကေသီက ပြောလိုက်သည်။ မိန်းကလေးတစ်ယောက်က စတင်ကာ ချစ်တဲ့အကြောင်းပြောလာတာက ထူးဆန်းသည်ဟု ဆို နိုင်သည်။ သို့သော် စည်သူက မအံ့သြ။ တကယ်တော့ ကေသီ အပေါ် သူလည်း သံယောဇဉ်တွယ်နေပြီဖြစ်ရာ သူကိုယ်တိုင်ဖွင့်ပြော ကာ၊ လက်ထပ်ခွင့်တောင်းဖို့ ရည်ရွယ်ထား၏။ အခုတော့ . . . ။

"မင်း ကေသီမဟုတ်ဘူး၊ မင်းက ဝတ်ရည်ပဲ ဝတ်ရည်"

စည်သူက ပြောလိုက်သည်။ ဟုတ်သည်။ ဒီလောကမှာ သူ့ကို 'ကိုစည်' ဟုခေါ်တတ်သူက ဝတ်ရည်တစ်ယောက်သာ ရှိနေ သည် မဟုတ်လား။



www.burmeseclassic.com

"မင်းက ငါ့ကို ကောင်းကောင်းလှည့်စားနိုင်ခဲ့တာ ဝတ်ရည်၊ မင်းက ငါမမြင်ရအောင် ငါ့ရှေ့ကို ရောက်မလာဘဲ ရှောင်နေခဲ့တယ်၊ အခုတော့ မင်းကို ငါမမြင်ရအောင် ကေသီခန္ဓာကိုယ်မှာ ဝင်ပူးကပ် တယ်၊ မင်းရဲ့ဝိညာဉ် ကေသီရဲ့ခန္ဓာကိုယ်နဲ့ ငါနဲ့ပေါင်းဖို့ မင်းကြံစည် နေတာလား"

ဝတ်ရည်ဝင်ကာ ပူးကပ်နေသော ကေသီက ခေါင်းကိုရမ်း ခါပြလိုက်သည်။

BURMESE CLASSIC .com

"ဒါဟာ ဘာမှအနှစ်သာရမှမရှိဘဲ ကိုစည်၊ ကျွန်မစိတ်ကူး ထားတာက တစ်ခုပဲ ရှိတယ်၊ ကျွန်မ မပေါင်းရရင် ရှင့်ကို ဘယ်သူ နဲ့မှလည်း ပေါင်းသင်းခွင့်မပြုနိုင်ဘူး"

ဝတ်ရည်ရဲ့ ကြောက်စရာကောင်းလှသော စိတ်ကူးကို စည်သူက ရိပ်မိသွား၏။ ထို့ကြောင့် . . .

"မင်းကို ငါတောင်းပန်ပါတယ် ဝတ်ရည်၊ သူ့ခန္ဓာကိုယ်ထဲ က ထွက်လိုက်ပါ၊ သူ့ကို ဒုက္ခမပေးပါနဲ့"

"ရှင် သူ့ကို ချစ်နေပြီ မဟုတ်လား၊ သူ့အတွက် ဒီလောက် ပူပန်နေမှတော့ ချစ်လို့ပဲ ဖြစ်ရမယ်၊ ဒီမိန်းကလေးက ရှင့်ကိုချစ်နေ တာ သေချာတယ်၊ မစားရတဲ့အမဲ သဲနဲ့ပက်တယ်ပဲ ပြောပြော၊ ရှင့် ကို သူနဲ့လည်း အတူမနေစေရဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားဆုံးသည်နှင့် ကေသီ၏ခန္ဓာကိုယ်တွင် ပူးကပ်နေသော ဝတ်ရည်က သူ့နောက်ဘက်ပြတင်းပေါက်ကို တက်လိုက်ကာ . . .

စည်သူ ပြေးဆွဲ၍တားသော်လည်း မရတော့။

ပြတင်းမှနေ၍ အောက်သို့ ခုန်ချလိုက်လေတော့သည်။

(ကိုယ်ရောစိတ်ပါ ကျွန်းမာကြပါစေ)


ဒေဝစကြာ

(ဩဂုတ် ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com